ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့ (27-12-2013) (၇၇၀၇)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် ညအပူချိန်များ

ပင်လောင်း	၂ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၂ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၃ ဒီဂရီစင်တီဂရိတ်
လားရှိုး	၆ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၆ ဒီဂရီစင်တီဂရိတ်
ဟားခါး	၆ ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၆

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. LEE Baek Soon အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်သည်။

(သတင်းစဉ်)

ယနေ့ မာတိကာ

မြို့လယ်ကောင်မှ မတူညီသော မျက်နှာစာနှစ်ခု
စာမျက်နှာ - ၃

ဆေးပညာသတင်းဆန်းများ (၅၄)
စာမျက်နှာ - ၆

သုံးနားညီမှ အလွန်လှပ
စာမျက်နှာ - ၈

ကွတ်ခိုင်မြို့နယ် ရှောက်ဟော်ကျေးရွာတွင် ဘိန်းချက်စခန်း ဖမ်းဆီးရမိ
စာမျက်နှာ - ၉

ကိုယ်တွေ့မျက်မှန်လွတ် စာရေး၊ စာဖတ်နည်း
စာမျက်နှာ - ၁၂

ဂီတလောကမှ အမှန်တကယ် အနားယူတော့မည်လား ဘီဘာ
စာမျက်နှာ - ၁၃

ပအိုဝ်းအမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

တောင်ကြီး ဒီဇင်ဘာ ၂၆

(၁၃)ကြိမ်မြောက် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲနှင့် ကျောက်တလုံးကြီးမြို့နယ်ခွဲ ဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ နောင်ကားကျေးရွာ နောင်ကားဘောလုံးကွင်း(၁)တွင် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဒိုင်အဖွဲ့ချုပ်ကြီးကြပ်ရေးမှူး ဦးလှမြင့်လတ်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ၊ ပြောင်းလဲလာသည့် အားကစားဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်က ပြောကြားရာတွင် နှစ်စဉ်မပျက် ဆယ်နှစ်ကျော်ကျင်းပလာခဲ့သည့် ယခုဘောလုံးပြိုင်ပွဲသည် ဒေသတွင်း တိုင်းရင်းသားညီအစ်ကိုများချစ်ခင်ရင်းနှီးမှု၊ ဒေသတွင်း အားကစားသမားကောင်းများ ပေါ်ထွက်လာရေးမှသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်သည်အထိ ကြိုးစားသွားကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ - တင့်ဆွေ(တောင်ကြီး)

ကွင်းဖွင့်ပွဲနေ့တွင် ကျောက်တလုံးကြီးဘောလုံးအသင်းနှင့် ရန်ကင်း(တောင်ကြီး)ဘောလုံးအသင်းမှ အားကစားသမားများနှင့် ဒိုင်လူကြီးအဖွဲ့များကို တာဝန်ရှိသူများက ကွင်းအတွင်း လိုက်လံနှုတ်ဆက်ကြပြီး ပအိုဝ်းတိုင်းရင်းသူ လှပျိုဖြူကလေးများက အားကစားသမားများအား ပန်းစည်းဆက်ဂုဏ်ပြုခဲ့သည်။ **(အပေါ်ပုံ)** ဆက်လက်ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌက ဘောလုံးကန်၍ ပြိုင်ပွဲကို စတင်ပေးခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အကြီးတန်းအဆင့် ပြိုင်ပွဲဝင် ၁၂ သင်း၊ အငယ်တန်းအဆင့် ၇၅ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်ကြီး ထရန်စဖော်မာ အသစ်ထပ်မံ တိုးချဲ့တပ်ဆင်ပြီး

ရမည်းသင်း ဒီဇင်ဘာ ၂၆

လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်ကြီးတွင် လျှပ်စစ်ထရန်စဖော်မာအသစ်များ ထပ်မံတိုးချဲ့တပ်ဆင်ခဲ့ရာ တပ်ဆင်ပြီးစီးပြီဟု သိရသည်။

ယင်းထရန်စဖော်မာ အသစ်ကြီးအား ဝါတိုးရပ်ကွက်ကြီးအုပ်ချုပ်ရေးမှူးရုံး အရှေ့ဘက် ခရိုင်အားကစားကွင်းမြောက်ဘက်တွင် တပ်ဆင်ထိုင်ထားခြင်းဖြစ်သည်။ ယင်းထရန်စဖော်မာအသစ် တပ်ဆင်နိုင်ရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းကာ မြို့နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေး၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေး အထောက်အကူပြုအဖွဲ့များနှင့်အတူ စေတနာရှင်များပူးပေါင်းဆောင်ရွက်မှုကြောင့် အချိန်တိုတိုအတွင်း ပြီးစီးအောင်မြင်စွာ တပ်ဆင်နိုင်ခြင်းဖြစ်သည်ဟု သိရသည်။

315 KVA ထရန်စဖော်မာအသစ် တိုးချဲ့တပ်ဆင်ခြင်းအတွက် စုစုပေါင်း

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳

ကြေးမုံစာတည်းရှုထောင့် ၂၇-၁၂-၂၀၁၃၊ သောကြာနေ့

တရားဥပဒေစိုးမိုးသည့် ကျေးရွာများ

မိမိတို့နိုင်ငံတွင် မြို့ပေါင်း ၃၃၀ နှင့် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိသည်။ နိုင်ငံ၏ လူဦးရေပျံ့နှံ့တည်ရှိနေမှုတွင်လည်း ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည်ကျေးလက်ဒေသတွင် အခြေချနေထိုင်ကြလျက်ရှိနေသည်။ ဖွံ့ဖြိုးမှုတွင်ကား မြို့ပြကျေးလက်ကွာခြားမှုရှိနေဆဲဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးမှုတွင် ကျေးလက်ဒေသများဖွံ့ဖြိုးလာနိုင်မှုက အခရာဖြစ်သည်။ ထို့ကြောင့်လည်း မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးလူ့အဖွဲ့အစည်းနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို စနစ်တကျ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် မြို့ပြကျေးလက်ဖွံ့ဖြိုးရေးကွာဟချက်ကို ကုစားနိုင်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးကို ဦးစားပေးလျက် တစ်ပြိုင်တည်းမှာ ကျေးလက်လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးတို့ကိုလည်း တွန်းတွန်းတိုက်တိုက် တစိုက်မတ်မတ်နှင့် မျက်ခြည်ပြတ်မခံ စီမံဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်သည်။

ကျေးလက်ဒေသ၏ အဓိကအားထားအသက်မွေးဝမ်းကျောင်းပြုနေသည်မှာ လယ်ယာကဏ္ဍသာဖြစ်နေရာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ပေးသွားခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရာရောက်သလို တစ်ဖက်တွင်လည်း နိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးမှာ အဓိကကျလာသည့် “အစိမ်းရောင်စီးပွားရေး”ဖွံ့ဖြိုးမှုကိုလည်း “တစ်ချက်ခုတ်နှစ်ချက်ပြတ် ” အထောက်အကူဖြစ်စေမည်မှာအမှန်ဖြစ်ပါသည်။

ထိုသို့အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုတွင် မရှိမဖြစ်အရေးကြီးဆုံးလိုအပ်ချက်တစ်ရပ်မှာ ကျေးလက်ဒေသများ တရားဥပဒေစိုးမိုးရေး တစ်နည်းအားဖြင့် တရားဥပဒေစိုးမိုးသည့် ကျေးရွာများဖြစ်လာနိုင်ရေးပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုအားနည်းလျှင် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးသွားမည်အမှန်ဖြစ်ပါသည်။

ထို့ကြောင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ ပုသိမ်ခရီးစဉ်တွင် တရားဥပဒေစိုးမိုးသည့် ကျေးရွာများဖြစ်လာရေးကို အလေးပေးမိန့်ကြားခဲ့သလို တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် ကျေးလက်နှင့် မြို့ပြများဖြစ်လာအောင် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် ဖွဲ့စည်းထားပြီးဖြစ်သည့် ကျေးလက်နှင့် မြို့ပြအကျိုးဆောင်အထောက်အကူပြု အဖွဲ့များနှင့်တက်ညီလက်ညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သဘောကို မိန့်ကြားခဲ့ပါသည်။

ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ် ကျင့်သုံးလျက်ရှိနေသော မိမိတို့နိုင်ငံတွင် တစ်ဦးကောင်းတစ်ယောက်ကောင်းနှင့် အလုပ်မဖြစ်နိုင်တော့ပါပြီ။ တစ်ဦးဆောင်သော်မရ၊ တစ်သောင်းဆောင်သော်ရ၏ဆိုစကားကဲ့သို့ မြို့နယ်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖရပ်မိရပ်ဖများနှင့် ဖွဲ့စည်းထားသော ပူးပေါင်းဆောင်ရွက်ရေး အကျိုးဆောင်ကော်မတီများ၊ မြို့နယ်ကရွေးချယ်ထားသော စည်ပင်အဖွဲ့များအပြင် မြို့နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ အားလုံးစုပေါင်းညီညာ၊ ညှိနှိုင်းတိုင်ပင်၊ အင်တိုက်အားတိုက်၊ လက်တွဲလုပ်ဆောင်ခြင်းဖြင့် မြို့နယ် ရပ်ကွက် ကျေးလက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကြီးက အတိအကျ လမ်းညွှန်မှုပေးထားပါသည်။

ထို့ကြောင့် မိမိတို့သည် ဖွံ့ဖြိုးရေးကို တက်ညီလက်ညီဆောင်ရွက်ကြသလို တစ်ဖက်တွင် တရားဥပဒေစိုးမိုးသော မြို့ပြကျေးလက်များဖြစ်လာရေးကိုလည်း ဖော်ဆောင်လာနိုင်ကြရပါမည်။ တစ်နှစ်တာလုံး ရာဇဝတ်မှု၊ မူးယစ်မှု၊ ခိုးဆိုးလုယက်မှုကင်းစင်သည့်ကျေးရွာများ၊ မြို့ပြများဖြစ်လာအောင် စံပြလုပ်ဆောင်လျက် တစ်ဖက်တွင်လည်း ထိုထိုသော စံပြကျေးလက်မြို့ပြများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုလျက်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကို ဟန်ချက်ညီစွာ မြှင့်တင်သွားကြရန် တိုက်တွန်းပါသည်။ ။

ဥတ္တရသီရိမြို့နယ်၌ ပြည်လုံးကျွတ်သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြော

နေပြည်တော် ဒီဇင်ဘာ ၂၆

ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းမြင့်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာရှိ သာသနဟိတဓဇ ဓမ္မာရုံ၌ကျင်းပသည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်အားပေးရာ နေပြည်တော်ကောင်စီနယ်မြေ သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေဦးစီးဌာနမှူး ဦးချိုထွန်းက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာများ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ သန်းခေါင်စာရင်းမေးခွန်းများအပေါ် မှန်မှန်ကန်ကန် ဖြေကြားနိုင်ရေးအခြေအနေများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ကောက်ယူမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည်ဖြစ်၍ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်မှုသာ အောင်မြင်နိုင်မည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ကောက်ယူရာတွင် သန်းခေါင်စာရင်း ရည်ညွှန်းချိန် ၂၀၁၄ ခုနှစ် မတ် ၂၉ ရက် ညသန်းခေါင်ယံတွင် မိမိတို့နေအိမ်၌ ရှိနေသူများကို မှတ်သားထားရန်နှင့် မိမိနေအိမ်သို့ကောက်ယူမည့်ရက်တွင် နေအိမ်၌ ဖြေကြားနိုင်သူတစ်ဦးဦးရှိနေရန် လိုအပ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် အသုံးပြုမည့်လူဦးရေကိန်းဂဏန်းများ တိကျမှန်ကန်စွာရရှိရေးအတွက် မေးမြန်းကောက်ယူခြင်းဖြစ်၍ ပြည်သူများက မှန်မှန်ကန်ကန် ဖြေကြားကြရန် အရေးကြီးပါကြောင်း၊ ပြည်သူများ၏ ဖြေကြားချက်များနှင့်ပတ်သက်၍ အရေးယူစစ်ဆေးဆောင်ရွက်ခြင်းမပြုရန် သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထားပါကြောင်း၊ နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကြီးဖြစ်သည်နှင့်အညီ အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ပြည်သူများက မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဟောပြောပွဲအပြီးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက အဆိုပါကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို One Stop Service ဖြင့် နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၇-၁၂-၂၀၁၃ (သောကြာနေ့)

၅း၄၀ “ဘဝခြေစစ်ပွဲ”တရားတော် [ဆရာတော်ဦးဘောဂ (ကွမ်းခြံကုန်းမြို့)]

၆း၂၀ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်သမီးလေး” (အပိုင်း-၅၂)

၇း၁၅ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းနုသွေး” (အပိုင်း-၃၄)

၈း၅၀ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲသွားသော နှလုံးသား” (အပိုင်း-၃၅)

၉း၄၀ **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ “ရွှေဖူးစာလေးတဝဲလည်” (အပိုင်း-၅)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန် ရွှေဈေး	၆၄၆၅၀၀	-	၆၄၇၅၀၀
မန္တလေး ရွှေဈေး	၆၄၆၀၀၀	-	၆၄၇၀၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၀၉၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၁၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၆. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၈. ၆
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၇. ၃၀
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၄၀
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၁၀၂
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၁၅
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၆၂
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၄၁. ၂၄
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၀၁၉
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၈. ၄၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ရဲစခန်းအချုပ်ခန်း၊ ရဲဘက်စခန်းနှင့် အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး

ကလေး ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမောင်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အရ ဒီဇင်ဘာ ၂၂ ရက်က တမူးခရိုင်တရားသူကြီးဦးခင်ထွန်းနှင့်အတူ တမူးမြို့မရဲစခန်းအချုပ်ခန်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် ကလေးခရိုင်တရားသူကြီး ဦးမြင့်စိုးနှင့်အတူ အကျဉ်းဦးစီးဌာနရာဇဝတ်ဂိုဏ်(?)... ဦးစီးဌာနရာဇဂြိုလ်(၁)စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းနှင့် ကလေးဝမြို့မရဲစခန်းအချုပ်ခန်း၊ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကလေးမြို့မ ရဲစခန်းအချုပ်ခန်းနှင့် မော်လိုက်ကလေးအကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ရဲစခန်းအချုပ်ခန်းများ၊ ရဲဘက်စခန်းနှင့် မော်လိုက်ကလေးအကျဉ်းထောင်တို့မှ တာဝန်ရှိသူတို့က အချုပ်တရားခံများ၊ အကျဉ်းသားများ၏အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုနှင့် လုံခြုံရေးအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် ရဲစခန်းအချုပ်ခန်းများ၊ ရဲဘက်စခန်းနှင့် အကျဉ်းထောင်တို့တွင် အချုပ်တရားခံများနှင့် အကျဉ်းသားများ၏အမျိုးသား၊ အမျိုးသမီးအဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံ၊ ရေသန့်စက်ရုံ၊ အကျဉ်းထောင်အတွင်းရှိစိုက်ခင်းများကို လှည့်လည်ကြည့်ရှုပြီး အချုပ်တရားခံများ၊ အကျဉ်းသားများနှင့်တွေ့ဆုံ၍ နေရာထိုင်ခင်း၊ အစားအသောက်များနှင့် မကျန်းမာပါက ဆေးကုသရန်အခွင့်အရေးရှိ၊ မရှိ၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့်လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိမှုအခြေအနေ၊ အချုပ်တရားခံများနှင့် အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းခြင်းရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးစသည်တို့နှင့်စပ်လျဉ်း၍ အချုပ်တရားခံများ၊ အကျဉ်းသားများအား တွေ့ဆုံမေးမြန်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(ဂျိုးနက်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. LEE Baek Soon အား နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ [သတင်း-ရွှေဖုံး]

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေး

ကလေးဝ ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကလေးခရိုင် ကလေးဝမြို့နယ် မဟာမြိုင်လမ်းမနှင့် ချင်းတွင်းမြစ်အကြားတွင် ကျေးရွာပေါင်း ၅၀ ခန့်ရှိပြီး လူဦးရေ ၂၂၀၀ ကျော် နေထိုင်ကြကာ အဆိုပါ ကျေးလက်နေပြည်သူများသည် လမ်းပန်းဆက်သွယ်ရေးတွင် ကုန်းလမ်းဖြင့်သွားလာရန် အလွန်ခက်ခဲပြီး ရေလမ်းကိုသာ အသုံးပြုလျက်ရှိသည်။

သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၄၇ ဒသမ ၁၇ သန်းကို အသုံးပြုကာ ပန်းမွန်ကုမ္ပဏီက တာဝန်ယူလျက် ဆည်ကြီး-ဂဇက်-ယုဇလယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်မြေသားလမ်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေပြီဖြစ်သည်။

ယခုအချိန်တွင် အဆိုပါလမ်းဖောက်လုပ် ဆောင်ရွက်မှုသည် တစ်ကြောင်း ထိုးလမ်း ခုနစ်မိုင်ခန့်ပြီးစီးပြီဖြစ်၍ ကျေးရွာချင်းဆက် မြေသားလမ်းအရှည်မှာ ၂၁ မိုင် ဖောက်လုပ်မည်ဖြစ်ကာ ယင်းကျေးရွာချင်းဆက်မြေသားလမ်းသည် ယုဇလယ်၊ ဂုံဂါး၊ မှန်ကုန်း၊ ကျွဲခြံ၊ မြို့မ၊ မန်စောင်၊ ချောင်းဆုံ၊ ဂဇက်၊ နောင်ဖနန်၊ ဝက်တိုး၊ မောင်းခါး၊ ခုံပြင်၊ အင်ဒုတ်၊ အပြင်လိပ်ခတ်၊ ကင်းနှင့်ဆည်ကြီး ကျေးရွာများကို ဖြတ်၍ ဖောက်လုပ်မည်ဖြစ်သောကြောင့် အနီးဝန်းကျင်ရှိ ကျေးရွာပေါင်း ၅၀ ခန့်တို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာတော့မည်ဖြစ်သည်။

ယင်းဒေသခံ ကျေးလက်နေပြည်သူများသည် လမ်းပန်းဆက်သွယ်ရေးတွင် ယခင်က ချင်းတွင်းမြစ်ရေကြောင်းကိုသာ လမ်းမကြီးသဖွယ် အားထား အမှီပြုနေထိုင်ကြရသော်လည်း ဆည်ကြီး-ဂဇက်-ယုဇလယ် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီးပါက ကုန်းလမ်းခရီးဖြင့် အချိန်မရွေး၊ ရာသီမရွေး သက်သာလွယ်ကူစွာ သွားလာနိုင်ကြတော့မည်ဖြစ်သည့်အပြင် ကူးသန်းရောင်းဝယ်ရေးတွင် ဒေသထွက်စပါး၊ ပဲမျိုးစုံစသည့် ကောက်ပဲသီးနှံများ တင်ပို့ရာတွင် ရေကြောင်းကိုသာ အားထားရန်မလိုဘဲ ကုန်းလမ်းခရီးဖြင့်ကလေးဝ-ရေဦးလမ်းမှတစ်ဆင့် တန့်ဆည်၊ မုံရွာ၊ ရွှေဘို၊ မန္တလေးစသည့်မြို့များသို့ ကျေးရွာချင်းဆက်လမ်းကို အသုံးပြု၍ တင်ပို့နိုင်တော့မည်ဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည် ဖြစ်သောကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးအခက်အခဲများကို အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူအားလုံးသည် ကျေးရွာချင်းဆက်လမ်းဖြစ်မြောက်အောင် စီစဉ်ပေးသော နိုင်ငံတော်အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒေသဆိုင်ရာ စီမံအုပ်ချုပ်ပေးသော ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးသူ အားလုံးကို အထူးကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

(ဂျူနိုင်း)

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးအား တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန**
(က)	ဦးမျိုးညွန့်	ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ခ)	ပါမောက္ခ ဒေါက်တာဒေါ်နွဲ့နွဲ့ဦး	ပါမောက္ခချုပ် သူနာပြုတက္ကသိုလ် (ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့်ရာထူးဌာန**
(က)	ဦးသူရိန်ဝင်း အထွေထွေမန်နေဂျာ မြန်မာ့မီးရထား ရထားပို့ဆောင်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့မီးရထား ရထားပို့ဆောင်ရေးဝန်ကြီးဌာန
(ခ)	ပါမောက္ခ ဒေါက်တာဒေါ်မာမာဝင်း ဒုတိယပါမောက္ခချုပ်(သင်ကြား) မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန	ပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန

မြို့လယ်ကောင်မှ မတူညီသော မျက်နှာစာနှစ်ခု

ကျောက်တံတားမြို့နယ်အတွင်း၌ ဖြစ်သည့် ကတ္တရာခင်း ကမ်းနားလမ်းမကြီးနှင့် ယင်းနှင့်ယှဉ်၍အသစ်ခင်းထားသော ကွန်ကရစ်လမ်းမကြီးတို့၏ တစ်ဖက်တစ်ချက်စီတွင် တွေ့ရသော လှပခြင်းနှင့်အကျည်းတန်ခြင်း မြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။

ကွန်ကရစ်ဘက်အခြမ်း ကာရံထားသော အုတ်နံရံတစ်လျှောက်တွင် ရောင်စုံကြော်ငြာဗီနိုင်းများ အစီအရီဖြင့်(ဝါးတန်းလမ်းမှသည် ပန်းဆိုးတန်းလမ်းတစ်လျှောက်) လှပနေသော်လည်း ယင်း၏တူရှုကတ္တရာခင်းလမ်းဘက်ခြမ်း ယခင်တရားရုံးဟောင်းကြီးကို ကာရံထားသော သွပ်ပြားများပေါ်တွင် မှုတ်ဆေးတို့ဖြင့် အမျိုးအမည်ဖော်ညွှန်းမတတ်သော လက်ရာ၊ အဓိပ္ပာယ်ကို မသိနိုင်သော ပန်းချီဆန်ဆန်ရေးသားမှုတို့ဖြင့် အကာအရံအပြည့် အကျည်းတန်လျက်ရှိရာ မြို့လယ်ကောင်မှ မတူညီသော မျက်နှာစာနှစ်ခုအဖြစ် ဖော်ပြလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကတ္တရာလမ်းဘက်အခြမ်း၌ တွေ့ရသော မှုတ်ဆေးဖြင့် အကျည်းတန်ခြယ်သမှုများ။

ကွန်ကရစ်လမ်းဘက်အခြမ်း၌ တွေ့ရသော ဗီနိုင်းကြော်ငြာအလှများ။

✻ ရမည်းသင်းမှ

ကျပ် ၄၂ သိန်းကျော် ကုန်ကျသည်ဟု သိရပြီး ယခုကဲ့သို့ ရပ်ကွက်ကြီးအတွင်း ထရန်စဖော်မာအသစ်ကြီး ထပ်မံတိုးချဲ့တပ်ဆင်ပြီးစီးခြင်းကြောင့် ရပ်ကွက်အတွင်းတွင် လိုအပ်သောလျှပ်စစ်ဓာတ်အား လုံလောက်မှုတပြည့်ဝစွာရရှိမည်ဖြစ်၍ ရပ်ကွက်နေပြည်သူများဝမ်းမြောက်ကြကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

အဝိုင်းခံထားရသော မိုအာဒါမီယက်အဲလ်ရှန်းမြို့ကို တွေ့ရစဉ်။

အဝိုင်းခံမြို့တွင် သူပုန်များနှင့် ဆီးရီးယားအစိုးရတပ် အပစ်အခတ်ရပ်စဲရေး သဘောတူ

ဘေရွတ် ဒီဇင်ဘာ ၂၆

ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကပ်အနီး အဝိုင်းခံနေရသောမြို့အတွင်း ပိတ်မိနေသည့် အရပ်သားများထံသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခြင်းကို ခွင့်ပြုမည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ယင်းမြို့တွင်းမှ သူပုန်များနှင့် အစိုးရအဖွဲ့တို့အကြား ရရှိကြပြီဖြစ်ကြောင်း လှုပ်ရှားသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ မိုအာဒါမီယက်အဲလ်ရှန်းမြို့တွင် အစိုးရအလံကို ဗုဒ္ဓဟူးနေ့မှစ၍ ၇၂နာရီကြာ လွှင့်ထူထားရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ပိတ်မိနေသော အရပ်သားများအတွက် စားနပ်ရိက္ခာများ ပေးပို့ခြင်းကို ခွင့်ပြုရမည်ဖြစ်ကြောင်း မြို့၏ အတိုက်အခံကောင်စီဝင် အဘူမာလက်က ပြောကြားသည်။

ကြာသပတေးနေ့တွင် စားနပ်ရိက္ခာများကို မြို့တွင်းသို့ ပို့ခွင့်ပြုရမည်ဖြစ်ပြီး အစီအစဉ်များချောမွေ့ပါက ၎င်းတို့က လက်နက်ကြီးများကို လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း၊ သို့သော် အစိုးရတပ်ဖွဲ့များမှာမူ မြို့တွင်းသို့ ဝင်လာမည် မဟုတ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

နောက်တစ်ဆင့်အဖြစ် ရွှေ့ပြောင်းလာသူများကို ဖမ်းဆီးခြင်းမပြုဘဲ ၎င်းတို့၏ နေအိမ်များသို့ ပြန်ခွင့်ပြုရမည်ဖြစ်သည့်အပြင် မြို့ဝန်းကျင်မှစစ်ဆေးရေးစခန်းများကိုလည်း ဖယ်ရှားပေးရမည်ဖြစ်သည်ဟု အဘူမာလက်က ပြောကြားသည်။

သမ္မတဘာရှာ အဲလ်အာဆတ်အစိုးရအဖွဲ့နှင့် နီးစပ်သော အသိုင်းအဝိုင်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိသည်မှာ မှန်ကန်ကြောင်း၊ လက်နက်ကြီးများ လွှဲပြောင်းမှုသေချာစေရေးအတွက် အစိုးရတပ်များက မြို့တွင်းသို့ ဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **အေအက်ဖ်ပီ။**

ထိုင်းဆန္ဒပြပွဲ တစ်ဦးသေဆုံး၊ ၁၀၀ကျော်ဒဏ်ရာရရှိ

ဗန်ကောက် ဒီဇင်ဘာ ၂၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်တို့သည် ကြာသပတေးနေ့တွင် ခုနစ်နာရီကြာမျှ ပဋိပက္ခဖြစ်ပွားကြရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင် ၃၅ဦး အပါအဝင် လူ ၁၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆန္ဒပြသူများက ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာကို ရာထူးမှ နုတ်ထွက်သွားစေရေးအတွက် ဖိအားပေးရန် မျှော်လင့်ကြရာမှ ဤသို့ ဆူပူမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အစိုးရနှင့် ဆန္ဒပြသူများအကြား တင်းမာမှုများ လျော့ပါးသွားစေရန်ရည်ရွယ်၍ ယင်လတ်ကပါလီမန်ကိုဖျက်သိမ်းပြီး ဖေဖော်ဝါရီ ၂ရက်တွင် ရွေးကောက်ပွဲကျင်းပရန် တောင်းဆိုခဲ့သည်။

သို့သော်လည်း ၎င်း၏ဆောင်ရွက်မှုသည် ဆန္ဒပြသူများကို အနည်းငယ်မျှသာ ကျေနပ်နှစ်သိမ့်မှုပေးနိုင်ပြီး လမ်းများပေါ်တွင် ၎င်းတို့က ဆက်လက်ရှိနေကြဆဲဖြစ်သည်။

မြို့တော်အတွင်း နေရာအနှံ့အပြားမှ အစိုးရဆန့်ကျင်ရေးသမား ၂၀၀၀ နီးပါး စုဝေးမိသောအခါ ကြာသပတေးနေ့ ဆန္ဒပြပွဲသည် အကြမ်းဖက်မှုအသွင်သို့ ပြောင်းလဲသွားသည်။

ယင်းသို့ မတည်မငြိမ်ဖြစ်နေသဖြင့် ရွေးကောက်ပွဲကော်မရှင်က လုပ်ငန်းစဉ်များ ရပ်ဆိုင်းထားပြီး ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန် အစိုးရအဖွဲ့ကို တိုက်တွန်းသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

နှစ်ဖက်သဘောတူညီမှု ရရှိသည်အထိ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန် အစိုးရကို တိုက်တွန်းကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ **စီအန်အန်**

မက္ကဆီကိုနိုင်ငံတွင် ခရီးသည်တင်ဘတ်စ်ကားတိမ်းမှောက် ရှစ်ဦးသေဆုံး၊ ၂၃ဦးဒဏ်ရာရ

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂၆

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းတွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး မတော်တဆဖြစ်ကာ တိမ်းမှောက်ကြောင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးနှင့် လမ်းလျှောက်တတ်စကလေးငယ်တစ်ဦးအပါအဝင် ခရီးသည်ရှစ်ဦးသေဆုံးပြီး ၂၃ဦး ဒဏ်ရာရရှိကြောင်း ဒီဇင်ဘာ ၂၆ရက်သတင်းတွင် ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ကိုးဟွေလာပြည်နယ် မြို့တော်ဆယ်လ်တီလိုမြို့ပြင်ရှိ မွန်တာရေးနှင့် ဆယ်လ်တီလိုသို့ ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးတွင် ဒီဇင်ဘာ ၂၅ရက် ဒေသစံတော်ချိန် နံနက်၈နာရီ မိနစ် ၅၀ က အဆိုပါ ကားမတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ အဆိုပါဘတ်စ်ကားသည် မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ဂူယာဒါလာဂျာယာဒေသသို့ ဦးတည်၍သွားလာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ။**

ယာဆာအာရာဖတ် သေဆုံးမှု အဆိပ်သင့်မှုကြောင့်မဟုတ်ဟု ရုရှားကျွမ်းကျင်သူများပြော

မော်စကို ဒီဇင်ဘာ ၂၆

ကွယ်လွန်သူ ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်၏ရုပ်ကလာပ်ကို စစ်ဆေးမှုများအရ ၎င်းသည်သဘာဝအတိုင်း သေဆုံးခဲ့ခြင်းဖြစ်ပြီး ရေဒီယိုသတ္တိကြွ အဆိပ်သင့်မှုကြောင့် သေဆုံးခဲ့ခြင်းမဟုတ်ကြောင်း ရုရှား မှုခင်းဆိုင်ရာ ဆေးပညာကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့က ဒီဇင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

ရုရှားပြည်ထောင်စုဆေးဘက်ဆိုင်ရာဇီဝဗေဒ အေဂျင်စီအကြီးအကဲ ဗလာဒီမီဟာအီဗာက ၎င်းတို့အနေဖြင့် အလုံးစုံ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယာဆာအာရာဖတ် သေဆုံးခဲ့ခြင်းသည် ဓမ္မတာအတိုင်း သေဆုံးခဲ့ခြင်းဖြစ်ပြီး ရေဒီယိုသတ္တိကြွ အဆိပ်သင့်မှုကြောင့် သေဆုံးခဲ့ရသည်ဟု အတည်မပြုနိုင်ကြောင်း ၎င်းက ပြောကြားသည်။ **ပီတီအိုင်။**

အီရန်မြို့တော်ကို ပြောင်းလဲရန် ပါလီမန်အမတ်များ ထောက်ခံ

တီဟီရန် ဒီဇင်ဘာ ၂၆

အီရန်နိုင်ငံ၏မြို့တော်ကို ပြောင်းလဲရန် ပါလီမန်အမတ်များက စဉ်းစားသုံးသပ်လျက်ရှိကြကြောင်း ချိုင်းနားဒေလီသတင်းစာက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြသည်။

အီရန်နိုင်ငံ၏ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမြို့တော်ကို ပြောင်းလဲရန် အဆိုပြုချက်နှင့် ပတ်သက်၍ ပါလီမန်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ၌ မူအားဖြင့် ထောက်ခံမှုရရှိခဲ့ကြောင်း တရုတ်နိုင်ငံတွင်ထုတ်ဝေသော ချိုင်းနားဒေလီသတင်းစာက ရေးသားဖော်ပြသည်။

အီရန်နိုင်ငံ၏မြို့တော်သစ်ကို ထူထောင်နိုင်ရန် နေရာဒေသသစ်တစ်ခုကို ရွေးချယ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အကယ်၍ မြို့တော်သစ်ထူထောင်ရေးအစီအစဉ်ကို ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်မည်ဆိုပါက ကောင်စီတစ်ရပ်ဖွဲ့စည်းကာ မြို့သစ်တည်မည့်နေရာကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

လူဦးရေ ကိုးသန်းခန့်နေထိုင်ရာ မြို့တော်တီဟီရန်သည် အီရန်နိုင်ငံ၏ အကြီးဆုံးမြို့ကြီးဖြစ်သည်။ လွန်ခဲ့သည့်နှစ်များအတွင်း လူဦးရေ အဆမတန်များပြားလာခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုဆိုးရွားလာခြင်း၊ ရာဇဝတ်ပြစ်မှုထူပြောခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုများပြားခြင်း စသည့် ပြဿနာများကို တွေ့ကြုံခဲ့ရပြီးနောက် မြို့တော်သစ်ထူထောင်ရန် ပါလီမန်အမတ်များက စဉ်းစားလာကြခြင်းဖြစ်သည်။ **ပီတီအိုင်။**

အီရန်နိုင်ငံ မြို့တော်တီဟီရန်ရှိ မြေအောက်ရထားဘူတာရုံ တစ်ရုံကို တွေ့ရစဉ်။

မြန်မာနိုင်ငံလမ်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်ရေးမဟာစီမံကိန်း ပထမအကြိမ် နည်းပညာပူးပေါင်းဆောင်ရွက်မှု စည်းဝေး

နေပြည်တော်　ဒီဇင်ဘာ　၂၆

မြန်မာနိုင်ငံရှိ လမ်းကွန်ရက်များဖွံ့ဖြိုးတိုးတက်ရေးမဟာစီမံကိန်း ပထမအကြိမ် နည်းပညာပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးစိုးတင့်က လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုသည် မိမိတို့နိုင်ငံ၏ အရေးကြီးသောကဏ္ဍဖြစ်ပါကြောင်းနှင့် ကိုရီးယားမှ နည်းပညာပူးပေါင်းဆောင်ရွက်ပေးသဖြင့် မိမိတို့နိုင်ငံအတွက် အလွန်အကျိုးရှိသော စီမံကိန်းဖြစ်သောကြောင့် အဆိုပါစီမံကိန်းကြီး အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေရန်နှင့် အားကစားပြိုင်ပွဲ အစီအစဉ်များ အောင်မြင်စွာ ကျင်းပနိုင်စေရန် ရည်ရွယ်၍ အကြိုလှုံ့ဆော်ရေး အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ရာ အဆိုပါ အစီအစဉ်များနှင့် အားကစားပြိုင်ပွဲကြီးအတွက် စပွန်ဆာ ထောက်ပံ့နိုင်ရေးတွင် လုပ်ငန်းရှင်များအား ပူးပေါင်းပါဝင်ကူညီပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက -

(၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ အခန်း(၁၆) အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ၀၉-၄၂၁၁၃၇၉၆၀၊ ၀၉-၅၀၇၄၂၁၀

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပရေး စည်းဝေး

နေပြည်တော်　ဒီဇင်ဘာ　၂၆

၂၀၁၄ ခုနှစ် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အားကစားရွာ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားရာတွင် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပခြင်းဖြင့် မသန်စွမ်းသူများအသက်ရှင်ရပ်တည်ရာတွင် အရေးပါသည့် စိတ်ဓာတ်ကြံ့ခိုင်မှု၊ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှု၊ ခွန်အားပြည့်ဖြိုးမှု စသည့်အချက်တို့ကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သလို (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းသည် မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းအားကစားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းနိုင်ငံများကဲ့သို့ တန်းတူဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း ချစ်ကြည်ရင်းနှီးမှုဖော်ဆောင်နိုင်ရေး၊ မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုအပေါ် အသိအမှတ်ပြုလာစေရေး၊ အာဆီယံနိုင်ငံများအတွင်းရှိ လူ့ဘောင်အဖွဲ့အစည်းများအတွင်း စည်းလုံးညီညွတ်ပြီး အတူတကွ ပေါင်းသင်းနေထိုင်ရေးကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းက ပြိုင်ပွဲကျင်းပရေးဆိုင်ရာများကို ဆွေးနွေးကာ ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမည်းသင်းတွင် လူမှုထူးချွန်စာကြည့်တိုက်နှင့် E-LIBRARY လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရမည်းသင်း　ဒီဇင်ဘာ　၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သီလဝလမ်းနှင့် မင်္ဂလာကျုံးလမ်းထောင့်ရှိ လူမှုထူးချွန်စာကြည့်တိုက်တွင် လူမှုထူးချွန်စာကြည့်တိုက်နှင့် E-LIBRARY လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဩဝါဒါစရိယဆရာတော်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ စာပေဝါသနာရှင်များ၊ စာရေးဆရာအသင်း၊ စာကြည့်တိုက်နှင့် အခမဲ့ဆေးခန်းအလုပ်အမှုဆောင်ကော်မတီများ တက်ရောက်ကြသည်။

အစီအစဉ်အရ အခမ်းအနားကိုဖွင့်လှစ်ပြီး လူမှုထူးချွန်စာကြည့်တိုက်နှင့် E-LIBRARY ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ အလုပ်အမှုဆောင် ဦးအောင်မြင့်က စာကြည့်တိုက်အတွက် စာအုပ်များဝယ်ယူထားရှိမှုနှင့် စာပေရေးရာများ ဆွေးနွေးပြီး အတွင်းရေးမှူး ဦးကျော်သူလွင်က E-LIBRARY အကြောင်း အကျယ်တဝင့်ဆွေးနွေးသည်။ ဆက်လက်၍ ဘဏ္ဍာရေးမှူး ဦးဇော်မင်းစိုးက ဘဏ္ဍာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဧည့်သည်များ၏ မေးမြန်းအကြံပြုချက်များအပေါ် ပြန်လည်ဖြေကြားသည်။

ယင်းလူမှုထူးချွန်စာကြည့်တိုက်နှင့် E- LIBRARY နှင့်အခမဲ့ဆေးခန်း အဆောက်အအုံနှင့်လိုအပ်သော စာအုပ်စာတမ်းပစ္စည်းကိရိယာများကို ရန်ကုန်မြို့ AA Group ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်-(ဒေါ်ခင်မြင့်မြင့်-လူမှုထူးချွန်)မိသားစုမှ ကျပ်သိန်းပေါင်း တစ်ထောင်ကျော်အကုန်အကျခံ လှူဒါန်းခဲ့ကြောင်း သိရသည်။

(လှိုင်သန်းတင့်-ရမည်းသင်း)

လေ့ကျင့်မှုလပိုင်းမျှသာရှိနေကြပြီး ပြိုင်ပွဲအတွေ့အကြုံမရှိကြသည့် မသန်စွမ်းအလေးမအားကစားသမားများ ပထမဦးဆုံးဝင်ရောက်ယှဉ်ပြိုင်ကြမည်

ရန်ကုန်　ဒီဇင်ဘာ　၂၆

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင်မသန်စွမ်းအားကစားသမားများမှာ အပြင်းအထန် လေ့ကျင့်လျက်ရှိနေကြပြီး မသန်စွမ်းအားကစားသမားများအသီးသီးမှ ရွှေတံဆိပ်များမျှော်မှန်းလျက်ရှိနေကြကြောင်းလည်း ကြားသိရသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံးလက်ခံကျင်းပသလို ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားနည်းများထဲမှ မသန်စွမ်းအလေးမအားကစားနည်းမှာလည်း ပြိုင်ပွဲ အတွေ့အကြုံမရှိကြဘဲ လေ့ကျင့်မှု လပိုင်းမျှသာရှိနေကြသည့် မသန်စွမ်းအလေးမအားကစားသမားများမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲလည်းဖြစ်သည်။ အဆိုပါ မသန်စွမ်းအလေးမအားကစားသမားများမှာ "ပက်လက်အိပ်တွန်းတင်ခြင်း" လေ့ကျင့်ခန်းများကို အထူးလေ့ကျင့်လျက်ရှိနေကြသည်။ မသန်စွမ်းအလေးမ အားကစားသမားများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အမျိုးသား

၁၀ ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ရှိနေပြီး အမျိုးသားများမှာ တပ်မတော်အငြိမ်းစားနှစ်ဦး၊ ဟိုတယ်/ခရီးမှ တစ်ဦး၊ EA(ရန်သူ့ လက်နက်ကြောင့် ကိုယ်အင်္ဂါစွန့်လွှတ်လိုက်ရ) စစ်သည် တပ်မတော်မှ ခုနစ်ဦးနှင့် အမျိုးသမီးများမှာ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦး၊ စစ်သည်မိသားစုဝင်မှ တစ်ဦးတို့ဖြစ်ကြောင်း၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးတွင် အမျိုးသား ၁၀ တန်း၊ အမျိုးသမီးနှစ်တန်းတို့မှ ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး မသန်စွမ်းအလေးမအားကစား ပြိုင်ပွဲများတွင် အမျိုးသားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အတန်းများမှာ ၅၉ ကီလိုတန်း နှစ်ဦး၊ ၆၅ ကီလိုတန်းတစ်ဦး၊ ၇၂ ကီလိုတန်း နှစ်ဦး၊ ၈၀ ကီလိုတန်း နှစ်ဦး၊ ၈၈ ကီလိုတန်း တစ်ဦး၊ ၉၇ ကီလိုတန်း တစ်ဦး၊ ၁၀၇ ကီလိုတန်း တစ်ဦးတို့ဖြစ်ပြီး အမျိုးသမီးများ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အတန်းများမှာ ၆၁ ကီလိုတန်းတစ်ဦးနှင့် ၇၃ ကီလိုတန်း တစ်ဦးတို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ နိုင်ငံ့လက်ရွေးစင်များ ဖြစ်ကြသော နည်းပြချုပ်တစ်ဦး၊ နည်းပြနှစ်ဦးတို့ဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်မှ နိုင်ငံ့လက်ရွေးစင် နည်းပြ ဦးမြင့်သန်းအောင်က "ဖွန် ၁ ရက်ကတည်းကစပြီး တပ်မတော် ခုတင် (၃၀၀)ဆံ့ ပြန်လည်သန်စွမ်းရေး ဆေးရုံမှာ စတင်လေ့ကျင့်ခဲ့ကြပါတယ်။ အမှတ်ပေးစည်းမျဉ်းကတော့ စုစုပေါင်း သုံးကြိမ်မမယ်၊ Total မှာ အများဆုံး မနိုင်တဲ့သူက ရွှေတံဆိပ်ရမယ်၊ ဒီမသန်စွမ်းအလေးမ အားကစားနည်းက အမှတ်နဲ့တွက်တာမဟုတ်ပါဘူး၊ ကီလိုနဲ့တွက်တာပါ။ ကီလိုများများ မနိုင်တဲ့သူက ရွှေတံဆိပ်ရမှာဖြစ်ပါတယ်၊ ဝင်ရောက်ယှဉ်ပြိုင်သွားကြမယ့် သူတွေထဲမှာတော့ ခြေဒေါင့်တန်းပြတ်၊ တစ်ချောင်းပြတ်၊ ပိုလီယိုစတဲ့ အမျိုးအစား သုံးမျိုးပါဝင်မှာပါ။ ဒီကစားနည်းအတွက် မြန်မာဒိုင် ၂၀ ကိုလည်း မလေးရှားနိုင်ငံက သီးသန့်လာရောက်သင်တန်းပေးထားပါတယ်။ နိုင်ငံခြားဒိုင်တွေကတော့ ဘယ်နှယောက်ပါမလဲဆိုတာ မသိရသေးပါဘူး" ဟု ရှင်းပြခဲ့သည်။

(စိုးဝင်း-MLA)

ဆေးပညာ သတင်းဆန်းများ (၃၄)

ဒေါက်တာကံညွန့်

ဆေးဝါးလောကမှာ သောက်ရလွယ်အောင် ပြုလုပ်ထားတဲ့ ရေထဲမှာ စိမ်ပြီးသောက်ရတဲ့ ဆူပြီး အမြှုပ်ထွက်တတ်တဲ့ ရေဆူဆေးပြား Effervescent ဆေးတွေဟာ Sodium ဓာတ်နဲ့ပြုလုပ်ထားတဲ့ဆေးတွေ ဖြစ်တဲ့အတွက် ဒီဆေးတွေကို အစဉ်အမြဲသုံးနေရင် သွေးတိုးရောဂါ၊ နှလုံးရောဂါဖြစ်နိုင်ခြေရှိတယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ ဗြိတိန်နိုင်ငံ University College of London နှင့် Dundee University တို့က လေ့လာတွေ့ရှိခဲ့ကြတာဖြစ်ပြီး BMJ ခေါ်တဲ့ British Medical Journal မှာ ဖော်ပြထားတာပါ။ အများအားဖြင့် ဒီဆေးမျိုးတွေဟာ အကိုက်အခဲပျောက်ဆေး၊ ဗီတာမင်ဆေး အထူးသဖြင့် ဗီတာမင်စီဆေးတွေကို ပြုလုပ်ထားတာဖြစ်လို့ နေ့စဉ်လိုလို သောက်တတ်ကြတာဖြစ်ပါတယ်။ ၎င်းတို့လေ့လာချက်အရ ဒီအာနိသင်ဆေးရိုးရိုးနဲ့ ရေဆူဆေး ဆေးမျိုးသောက်သုံးနေသူတို့ကို ယှဉ်ပြီးကြည့်တဲ့အခါ ဒီရေဆူဆေးတွေကို သောက်သုံးနေသူတွေမှာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါတွေဖြစ်ဖို့ ၁၆ ရာခိုင်နှုန်း ပိုရှိနိုင်တယ်ဆိုတာ တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့် ဒီဆေးတွေကို တစ်ခါတစ်ရံသာ သောက်သုံးပြီး နေ့စဉ်မသောက်သုံးသင့်ဘူးလို့ အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

သိပ္ပံပညာရှင်တွေနဲ့ ဆေးပညာရှင်တွေပူးပေါင်းပြီး သုတေသနပြုဖော်ထုတ်နေကြတာမှာ ယခုအခါ Nano-medicine ခေါ် အင်မတန်သေးငယ်တဲ့ ဆေးဝါးတွေကို ဖော်ထုတ်ဖို့ကြိုးစားနေကြပါပြီ။ အောင်မြင်မှုတစ်ခုထဲမှာ မျက်စိရေတိမ်ရောဂါမှာ အသုံးပြုတဲ့ဆေးတစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပါပြီ။ မျက်စိရေတိမ်ရောဂါမှာ နေ့စဉ် တစ်နေ့နှစ်ကြိမ်ခတ်ရတဲ့ဆေးကို တစ်နှစ်မှာ နှစ်ခါပဲ မျက်စိအပေါ်ယံလွှာမှာ ထိုးပေးပြီး ကုသနိုင်ခဲ့ပါပြီ။ ဒီဆေးဟာ ဆန်စေ့တစ်စေ့ရဲ့ အပုံတစ်သိန်းပုံတစ်ပုံလောက်သာ အရွယ်ရှိပြီး ဒီဆေးလေးကို မျက်မှေးလွှာရဲ့ အောက်မှာ ထိုးပေးထားခြင်းဖြင့် ဒီဆေးရဲ့ အာနိသင် ခြောက်လကြာ ဘာမှလုပ်စရာမလိုတော့ဘဲ တားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ ဆီးချိုရောဂါ၊ အရေပြားရောဂါ၊ နှလုံးသွေးကြောရောဂါ စတဲ့ရောဂါတွေမှာ တာရှည်စွာ စားသုံးနေရတဲ့ ဆေးတွေကိုလည်း ဒီလို Nanomedical Technique နဲ့ လုပ်ဆောင်နိုင်ဖို့ သုတေသနဌာနတစ်ခုကို အရှေ့တောင်အာရှမှာ ပထမဦးဆုံးဖွင့်လှစ်နိုင်ဖို့ စင်ကာပူနိုင်ငံက စတင်လိုက်ပါပြီ။ NTU ခေါ်တဲ့ Singapore Nanyang Technological University ဟာ အမေရိကန်နိုင်ငံက ဒီ Nanotechnology ကို အထူးဦးဆောင်ပြုလုပ်နေတဲ့ North Western University နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ စတင်နေပြီဆိုတာ သတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ တရုတ်နိုင်ငံထဲမှာ Internet Websites ကနေ ကြော်ငြာပြီး ရောင်းချနေတဲ့ Epnedrine ပါတဲ့ Methamphetamine ဆေးပြားတွေဟာ စိတ်မချရဘဲ သုံးစွဲဖို့ မသင့်တော်ဘူးလို့ တရုတ်နိုင်ငံ Food and Drug Administration အဖွဲ့က သတိပေးထားတဲ့ သတင်းကိုလည်း တင်ပြချင်ပါတယ်။ တရုတ်နိုင်ငံက Website ၂၀၀၀ ကျော်ဟာ Internet အသုံးပြုပြီး ဆေးဝါးရောင်းချမှုတွေကိုပြုလုပ်နေကြတာဖြစ်ပြီး ယခုဖော်ပြတဲ့ဆေးတွေအပြင် တခြားဆေးတချို့ဟာလည်း FDA အဖွဲ့ကြီးဆီက ခွင့်ပြုချက်မရဘဲရောင်းနေကြတာဖြစ်လို့ ဒီဆေးတွေတားမြစ်ထားကြောင်း ကြော်ငြာချက်ထုတ်ပြန်ရတာဖြစ်ပါတယ်။ အများအားဖြင့် တရုတ်နိုင်ငံဟာ အာနိသင်လျော့ပါးတဲ့ဆေးဝါးတချို့ကို ထုတ်လုပ်ပြီး ပြည်တွင်းမှာရော အိမ်နီးချင်းပြည်ပနိုင်ငံတချို့ကိုပါ တင်ပို့ရောင်းချနေတာဖြစ်လို့ အခုလိုကြော်ငြာချက်ထုတ်ပြီး တားမြစ်ရတာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဗီတာမင် D ကို အရိုးသိပ်သည်းမှု (Bone Density) ကောင်းဖို့ ရည်ရွယ်ပြီး အထူးစားသုံးစရာမလိုဘူးဆိုတဲ့ လေ့လာချက်တစ်ခုကိုလည်း တင်ပြလိုက်ရပါတယ်။ ဒီလေ့လာချက်ကိုတော့ နယူးဇီလန်နိုင်ငံ Auckland ဆေးတက္ကသိုလ်က ယခင်လေ့လာထားတဲ့စာတမ်းပေါင်း ၂၃ ခုကို အခြေခံပြီး လူပေါင်း ၄၀၈၂ ဦးကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလူတွေဟာ အသက်(၅၀)ကျော်အရွယ်တွေဖြစ်ပြီး ၉၂ ရာခိုင်နှုန်းကတော့ အမျိုးသမီးတွေဖြစ်ပါတယ်။ ဒီလူတွေအားလုံးကို ဗီတာမင် D စမကျွေးခင် ကိုယ်ခန္ဓာရဲ့ ငါးနေရာက Bone Density ကို စမ်းသပ်ထားပြီး ဗီတာမင်ဒီ သွေးထဲမှာရှိနေတဲ့ အနေအထားကိုလည်းစမ်းသပ်ပြီးမှ ဗီတာမင် D ကိုကျွေးပြီး စမ်းသပ်ခဲ့ကြတာဖြစ်ပါတယ်။ စမ်းသပ်ချက်အရ လူတွေအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းမှာ Bone Density အပြောင်းအလဲမရှိဘဲ လူခြောက်ယောက်မှာသာ တိုးတက်မှုတွေ့ရပြီး လူနှစ်ယောက်ကတော့ Bone Density နည်းသွားတာတောင် တွေ့ရတယ်လို့ဆိုပါတယ်။ ဒါဟာ အသက်(၅၀)ကျော်လူတွေကို ဗီတာမင် D သောက်ဖို့ လုံးဝမလိုဘူးလို့ဆိုလိုတာမဟုတ်ဘဲ ဗီတာမင် D နှင့် Calcium ဓာတ်ဟာ အရိုးကျန်းမာမှုအတွက် အမှန်တကယ် လိုအပ်တယ်။ ဗီတာမင် D ဟာ နေရောင်ခြည်ကလည်းရနိုင်ပြီး နွားနို့၊ ကြက်ဥလို အာဟာရတွေကလည်းရနိုင်တာကြောင့် ဒါတွေစားသုံးနေသူတွေအတွက် အထူးမလိုအပ်ဘူးလို့ဆိုပါတယ်။ ဗီတာမင် D နှင့် Calcium ရဲ့ပေါင်းထားတဲ့ဆေးဟာ အရိုးကျန်းမာရေးအတွက် အသုံးဝင်ပေမယ့် Calcium ဓာတ်ဟာ သွေးထဲမှာများလာရင် နှလုံးရောဂါ၊ ဆီးလမ်းကြောင်းကျောက်တည်ရောဂါတွေဖြစ်နိုင်တာကြောင့် သတိထားဖို့ လိုတယ်ဆိုတာထောက်ပြထားကြောင်း တင်ပြလိုက်ပါတယ်။

နောက်တင်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ကိုယ်ဝန်ဆောင်မိခင်တွေဟာ ကိုယ်ဝန်ဆောင်ချိန်မှာ အဝလွန်မှုဖြစ်နေရင် သူတို့ရဲ့ကလေးတွေမှာလည်း အဝလွန်ရောဂါဖြစ်နိုင်ကြောင်း လေ့လာထားတဲ့သတင်းပါ။ ဒါဟာအများအားဖြင့်တော့ မျိုးရိုးဗီဇ(Genes)၊ အစားအသောက်နှင့် Life Style တွေနှင့်သာ ဆိုင်တယ်လို့ထင်ရပေမယ့် ကလေးတစ်ယောက်၊ နှစ်ယောက်မွေးပြီးမိခင်တွေမှာ အဝလွန်လာပြီဆိုရင် သတိထားရမှာဖြစ်တယ်လို့ဆိုပါတယ်။ ဒီအကြောင်းကိုတော့ အမေရိကန်နိုင်ငံ Boston Children Hospital က ကလေးနှင့်မိခင်လောင်း ၄၀၃၃ ဦးကို လေ့လာခဲ့ကြတာဖြစ်ပြီး ဒီလေ့လာချက်ကို အမေရိကန်နိုင်ငံထုတ် PLOS Medicine ဂျာနယ်မှာဖော်ပြထားတာဖြစ်ပါတယ်။ သူတို့ဟာ မိခင်တွေရဲ့ ကိုယ်ဝန်ဆောင်ချိန်ကစပြီး ကိုယ်အလေးချိန်မှတ်တမ်းတွေနှင့်အတူ ကလေးတွေရဲ့ ကျောင်းဆေးမှတ်တမ်းတွေ၊ BMI ခေါ်တဲ့ Body Mass Index အရပ်နဲ့ကိုယ်အလေးချိန်စံနှုန်းတွေကို ပူးတွဲလေ့လာခဲ့ကြပြီး ဒီအဖြေထွက်ပေါ်လာခဲ့တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နှလုံးသွေးကြောကျဉ်းရောဂါကြောင့် နှလုံးလေဖြတ်တာ (Myocardial Infarction) ရောဂါရုတ်တရက်ခံစားရတဲ့ ဝေဒနာရှင်တွေအတွက် အထူးအသုံးဝင်တဲ့ ဆေးတစ်ခုအကြောင်းကိုလည်း တင်ပြချင်ပါတယ်။ ဒီဆေးကတော့ လူတွေအသိများပြီးဖြစ်တဲ့ Beta Blocker အုပ်စုထဲက ဆေးတစ်မျိုးဖြစ်ပြီး လွန်ခဲ့တဲ့ နှစ် ၃၀ လောက်ကပဲ သုံးခဲ့ကြတဲ့ဆေးပါ။ ဒီဆေးနာမည်ကတော့ Metroprolol ဆိုတဲ့ဆေးဖြစ်တယ်။ ဒီဆေးကိုနှလုံးလေဖြတ်ရောဂါစဖြစ်မယ့် လက္ခဏာပေါ်ချိန်မှာ စားသုံးနိုင်ခဲ့ရင် နှလုံးမှာသွေးကြောကျဉ်းရောဂါကြောင့် ထိခိုက်ပျက်စီးမှုနည်းနိုင်တာတွေ တွေ့ရတယ်လို့ဆိုပါတယ်။ ဒီလေ့လာချက်ကိုတော့ စပိန်နိုင်ငံ CNIC ခေါ်တဲ့နှလုံးနဲ့ သွေးကြောရောဂါလေ့လာရေး ဗဟိုအဖွဲ့ကြီးနဲ့ အမေရိကန်နိုင်ငံ Mount Sinai ဆေးကောလိပ်က ဆေးပညာရှင်တွေက ပူးပေါင်းလေ့လာပြီး ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ စပိန်နိုင်ငံက Myo-cardial Infarction ရောဂါရှင် ၂၇၀ ကို Magnetic Resonance Imaging ခေါ်တဲ့ MRI နှင့် ရိုက်ကူးလေ့လာခဲ့ရာမှာ ဒီ Metroprolol စားသုံးခဲ့တဲ့ ရောဂါရှင်တွေမှာ နှလုံးလေဖြတ်ခြင်းကြောင့်ပျက်စီးရတဲ့ နှလုံးကြွက်သားဧရိယာဟာ သိသိသာသာလျော့ပါးနေတာတွေ့ရကြောင်း တင်ပြလိုက်ရပါတယ်။

နောက်တင်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ အသက်ကြီးလာရင် Testosterone ခေါ်ကျားဟော်မုန်းဆေးကို သုံးဆောင်နေသူတွေဟာ နှလုံးရောဂါဖြစ်ဖို့ အခွင့်အလမ်းပိုရှိတယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Denver မြို့ Colorado Health Care System ဌာနက ဆေးပညာရှင်တွေလေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ စစ်ပြန်အမှုထမ်းတွေကို ကုသပေးတဲ့ ဆေးရုံမှာ လာရောက်ပြသနေကြတဲ့ အသက်(၆၀ ကျော် လူပေါင်း ၈၇၀၀ ကို ၂၀၀၅ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒီလူတွေအားလုံးကို သူတို့ရဲ့ သွေးထဲမှာရှိတဲ့ Testosterone ဓာတ်နှင့် သွေးပေါင်ချိန်၊ ဆီးချို၊ နှလုံးရောဂါအခြေအနေတွေကိုစစ်ဆေးပြီး သူတို့စောင့်ကြည့်ခဲ့ကြတာဖြစ်တယ်။ တချို့လူတွေဟာ သူတို့ရဲ့ သွေးထဲမှာ ကျားဟော်မုန်းဓာတ်နည်းနေတာ မဟုတ်ပေမယ့် သူတို့ရဲ့စိတ်ဆန္ဒနဲ့ကျားဟော်မုန်းပါတဲ့ဆေးတွေကို သောက်နေခဲ့ကြတယ်လို့ဆိုပါတယ်။ ဒီလေ့လာမှုမှာပါဝင်တဲ့ လူ ၈၇၀၀ ထဲမှာ ၂၀ ရာခိုင်နှုန်းက Testosterone ဆေးကို လုံးဝမမှီဝဲဘဲ ကျန်တဲ့လူတွေကသာ မှီဝဲခဲ့ကြတာဖြစ်ပြီး ဒီလိုမှီဝဲနေသူတွေရဲ့ ၂၉ ရာခိုင်နှုန်းမှာ ကျန်းမာရေးပြဿနာတွေရှိခဲ့ကြပြီး ဒီဟော်မုန်းမမှီဝဲသူတွေမှာတော့ မဆိုစလောက် ကျန်းမာရေးပြဿနာသာ ရှိခဲ့ကြတယ်လို့ ဆိုပါတယ်။ ကျန်းမာရေးပြဿနာဆိုတာ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါနဲ့ အဆီဓာတ်ပိုများတဲ့ပြဿနာတွေလို့ဆိုပါတယ်။ ဒါကြောင့် အသက်ကြီးလာတိုင်း ဒီဟော်မုန်းဓာတ်ကို ကိုယ်သဘောနဲ့ကိုယ် မစားသုံးသင့်ဘဲ ဆရာဝန်များရဲ့ညွှန်ကြားချက်နဲ့သာ အသုံးပြုသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

အခုဖော်ပြလိုတဲ့ သတင်းကတော့ အသည်းရောင်အသားဝါရောဂါမှာ အဖြစ်များတဲ့ Hepatitis C (ရောဂါအမျိုးအစားကို ထိရောက်စွာကုသနိုင်မယ့်ဆေးကို ထုတ်လုပ်နိုင်ခဲ့ပြီဆိုတဲ့ သတင်းကိုတင်ပြချင်ပါတယ်။ ဒီဆေးကိုတော့ နာမည်ကြီးဆေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Merck ကုမ္ပဏီကြီးက ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီဆေးနာမည်ကတော့ RIBAVIRIN ဖြစ်ပြီး ဒီဆေးဟာ သောက်ဆေးဖြစ်ပါတယ်။ ဒီဆေးဟာ ၉၆ ရာခိုင်နှုန်းကနေ ၁၀၀ ရာခိုင်နှုန်းထိ ထိရောက်စွာကုသနိုင်တဲ့ ဆေးတစ်ခုဖြစ်တယ်လို့ သိရပါတယ်။ ယခင်အခါကတော့ Inter-feron ထိုးဆေးကိုသာ အသုံးပြုနေခဲ့ရတာဖြစ်ပါတယ်။ ဒီဆေးဟာ MK 5172 လို့ အမည်ပေးထားတဲ့ Protease Inhibitor ဆေးနဲ့ MK 8742 ဆေးတို့ကို ပေါင်းစပ်ဖော်ထုတ်ထားတာဖြစ်ပြီး ဒီဆေးနာမည်ကိုတော့ ဓာတုဗေဒနည်းအရ NS 5A Inhibitor လို့ဖော်ပြထားပါတယ်။ ဒီဆေးကို ၁၂ ပတ်ကြာ စားသုံးဖို့ဆိုပြီး ဒီဆေးဟာ Hepatitis C Virus ကို လုံးဝပျောက်ကင်းအောင် ကုသနိုင်တယ်လို့ဆိုပါတယ်။ မသန့်ရှင်းတဲ့ဆေးထိုးအပ်သုံးခြင်း၊ သွေးသွင်းခြင်း၊ ထိခိုက်ရှနခြင်းကတစ်ဆင့် ကူးစက်တတ်တဲ့ ဒီ Hepatitis C ရောဂါဝေဒနာရှင်တွေအတွက် သတင်းကောင်းတစ်ခုအဖြစ် ဖော်ပြလိုက်ရပါတယ်။

တရုတ်နိုင်ငံမှာတော့ ဆေးရုံတွေမှာ မွေးကင်းစကလေးတွေအတွက်ထုတ်လုပ်တဲ့ အာဟာရနို့မှုန့်တွေ လာရောက်ကြော်ငြာဟောပြောတဲ့အလုပ်တွေကို မလုပ်ဖို့ တားမြစ်တဲ့အမိန့်ကို အစိုးရကထုတ်ပြန်လိုက်ပါပြီ။ ဒီအမိန့်ကို တရုတ်အစိုးရ ကျန်းမာရေးဌာနဖြစ်တဲ့ China Food and Drug Administration, the National Health and Family Planning Commission နှင့် State Administration for Industry and Commerce တို့က ယခုနှစ် နိုဝင်ဘာလက ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံ Tianjin မြို့က ဆေးရုံပေါင်း ၈၅ ခုက ဝန်ထမ်းတွေကို နာမည်ကြီးနို့မှုန့်နဲ့ ဆေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Dumex ကုမ္ပဏီက လာဘ်ပေးပြီး ဟောပြောပွဲများ၊ ကြော်ငြာစာရွက်စာတမ်းများဝေပြီး ကြော်ငြာခဲ့ကြတယ်လို့ဆိုပါတယ်။ သူတို့ရဲ့ တကယ်ထုတ်လုပ်ထားတဲ့နို့မှုန့်နဲ့ အာဟာရဖြည့်စွက်အစာတို့က သူတို့ကြော်ငြာထားတဲ့ အာနိသင်အတိုင်း ပြည့်ပြည့်ဝဝမရှိကြဘူးလို့ဆိုပါတယ်။ တရုတ်နိုင်ငံမှာ ဒီလိုနို့မှုန့်အာဟာရအစားအစာနဲ့ ဆေးဝါးတချို့တို့ဟာ အာနိသင်မပြည့်ဝကြတာကြောင့် စစ်ဆေးအရေးယူမှုတွေ မကြာခဏပြုလုပ်နေရကြောင်းတင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ခုခံအားကျဆင်းမှုရောဂါကုသရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရနှင့် အင်န်ဂျီအိုအဖွဲ့အစည်းများအကြား ADB ချိတ်ဆက်ပေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

ပို့ဆောင်ဆက်သွယ်ရေးခက်ခဲသော ဒေသများရှိ ပြည်သူများကို ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုအားကောင်းစွာ လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အစိုးရနှင့် HIV/AIDS ကုသရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို လက်ရှိလုပ်ကိုင်နေသော အင်န်ဂျီအိုအဖွဲ့အစည်းများအကြား ချိတ်ဆက်ပေးမည့် မဟာဗျူဟာချမှတ်နိုင်ရန် ဆင်းရဲမှုလျှော့ချရေးအတွက် ဂျပန်နိုင်ငံ ရန်ပုံငွေမှ ထောက်ပံ့ငွေသုံးစွဲကာ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ဆောင်ရွက်သွားမည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာက လူမှုရေးနဲ့ နိုင်ငံရေးပြောင်းလဲမှုတွေ ဆက်တိုက်ဆောင်ရွက်နေတာဆိုတော့ ပြည်သူတွေ အိတ်ချ်အိုင်ဗွီ၊ တီဘီနဲ့ ငှက်ဖျားလိုမျိုး ကူးစက်ရောဂါတွေ မတော်တဆမကူးစက်အောင်လို့ ကာကွယ်ပေးရမှာဖြစ်ပါတယ်"ဟု ADB ၏ အရှေ့တောင်အာရှဌာနမှ Health Specia-list ဖြစ်သူ Gerard Servais က ပြောသည်။ "အင်န်ဂျီအိုတွေက ကုသမှုနဲ့ ကာကွယ်ရေးလုပ်ငန်းတွေမှာ လိုအပ်တဲ့ကွာဟချက်တွေကို ဖြည့်ဆည်းဖို့အတွက် အကောင်းဆုံးလုပ်ကိုင်ကြပါတယ်။ ဒါပေမယ့် အခုအချိန်ဟာ နောက်ထပ် ပြည်သူတွေအတွက် ကာကွယ်ရေး လုပ်ဆောင်မှုတွေ တိုးချဲ့ပြီး အင်အားနဲ့လုပ်ဆောင်ရမှာဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် ခန့်မှန်းခြေ လူဦးရေ စုစုပေါင်း ၂၄၀၀၀၀ သည် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံထားရပြီး အဆိုပါပမာဏသည် တိုင်းပြည်အတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးအဖြစ် သတ်မှတ်ထားသည်။ အမျိုးသားခုခံအားကျဆင်းမှု တိုက်ဖျက်ရေးစီမံချက်၏ ၂၀၁၂ ခုနှစ်တွင် ပြုလုပ်သောစစ်တမ်းများအရ မူးယစ်ဆေးထိုးသူများ၊ အမျိုးသမီးလိင်လုပ်သားများနှင့် လိင်တူဆက်ဆံသူများကြားတွင် ရောဂါပိုးကူးစက်မှုပိုမိုများပြားကြောင်း တွေ့ရှိရသည်။ အဆိုပါရောဂါကူးစက်ခံရသူများအနက်မှ ကလေး၊ လူကြီးစုစုပေါင်း ၄၀၀၀၀သာလျှင် အိတ်ချ်အိုင်ဗွီပိုးထိန်းဆေး(အေအာရ်တီ) ရရှိခြင်းသည် ကုသနိုင်မှုဟွာဟချက်ကြီးမားကြောင်း ပြသလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာနှင့် အမျိုးသား အင်န်ဂျီအိုများ၊ လူထုအခြေပြုအဖွဲ့အစည်းများ ပူးပေါင်းကာ အိတ်ချ်အိုင်ဗွီကာကွယ်ရေးလုပ်ငန်းများအပါအဝင် အခြား အိတ်ချ်အိုင်ဗွီနှင့်ဆိုင်သည့် ဝန်ဆောင်မှုများပေးခြင်း၊ လူနာတည်းခိုဆောင်များ စီစဉ်ပေးခြင်း၊ ဆေးခန်းများဖွင့်လှစ်ခြင်းနှင့် အိမ်တိုင်ရာရောက်အစီအစဉ်များ ဆောင်ရွက်လျက်ရှိပြီး လိင်မှတစ်ဆင့်ကူးစက်သော ရောဂါများကာကွယ်ရေးအတွက် ကွန်ဒုံးနှင့်ချောဆီ ဖြန့်ဝေခြင်းများဆောင်ရွက်ကာ အင်န်ဂျီအိုများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ၂၀၁၁ ခုနှစ်အတွင်း ဆေးခန်းများတွင် အေအာရ်တီ ဆေးဝါး ၇၀ ရာခိုင်နှုန်းကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(မိုးသူ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၁၂-၂၀၁၃ (သောကြာနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၄၅ "တန်ဖိုးထားထိန်းသိမ်းပါအစဉ် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်" (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁)
၇း၃၅ ပြည်သူ့နီတိ "ရုပ်ကွက်ထဲကပွဲစား" (အရိုင်း၊ လှအဥ္စလီတင့်)
၉း၃၀ "မနောမြေအလှမှတ်တမ်း တစ်စိတ်တစ်ဒေသ"
၉း၅၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၂၀ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၁၂း၃၀ ဆေးရောင်စုံရုပ်ရှင် "ကျန်စစ်မင်း" (လူမင်း၊ မေသန်းနု၊ ပန်းဖြူ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-လူမင်း)
၄း၄၅ အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြား သင်ခန်းစာပို့ချချက် -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၆း၂၀ ချစ်သော၍ကမ္ဘာမြေ
၇း၁၅ "အကယ်ဒမီရင်ခုန်သံ"
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ -မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ -အိန္ဒိယရုပ်ရှင် "တစ်အချိုးလေး" (ဇာတ်သိမ်း)

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကျင်းပ

ပုသိမ် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အမှတ်(၁) အခြေခံပညာဦးစီးဌာန၏ ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အထက(၁) ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် "(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့မှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် "ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူ ၆၉ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ကဗျာပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီတွင် ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မြိတ်မြို့တွင် ထုတ်ကုန်ပြပွဲနှင့်အထူးဈေးရောင်းပွဲကျင်းပ

မြိတ် ဒီဇင်ဘာ ၂၆

၂၀၁၃ ခုနှစ် ထုတ်ကုန်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၅ နာရီတွင် မြိတ်မြို့ ကန်ဖျားနယ်မြေ ဘုရားငါးဆူကွင်း၌ ကျင်းပရာ ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် Tin Ko Ko Co.,Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးတင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ခင်းကျင်းရောင်းချလျက်ရှိသော ကုန်စည်များကို ကြည့်ရှုအားပေးခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ ဈေးပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

နွားထိုးကြီး၌ အမျိုးသမီးကင်းထောက်သင်တန်းဖွင့်

နွားထိုးကြီး ဒီဇင်ဘာ ၂၆

အမျိုးသမီးကင်းထောက်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က နွားထိုးကြီးမြို့နယ် လက်ဝဲမြင်းနီကျေးရွာ အထကကျောင်း၌ ကျင်းပရာ**(အောက်ပုံ)** လက်ဝဲမြင်းနီ အထက ကျောင်းအုပ်ဆရာကြီး ဦးကျော်သူက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

နှစ် (၅၀)ကျော်ကြာ ဖျက်သိမ်းခဲ့ရသော ကင်းထောက်အဖွဲ့မှာ ဒီမိုကရေစီခေတ်တွင် ပြန်လည်ဖွင့်လာခြင်းဖြစ်ကြောင်း၊လူမျိုးဘာသာကွဲသော်လည်း ကင်းထောက်မှာ တစ်ရောင်တည်း ကိုယ်စိတ်နှလုံး သုံးပါးစလုံးဖြူစင်မွန်မြတ်သော အဖွဲ့ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ကင်းထောက်သင်တန်းကျောင်း ၁၈ ကျောင်းသာရှိကြောင်း၊ နွားထိုးကြီးမြို့နယ်တွင် လက်ဝဲမြင်းနီ တစ်ကျောင်းသာဖွင့်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် လက်ထောက်ပညာရေးမှူး ဦးကျော်မြင့်၊ သင်တန်းနည်းပြ ဒေါ်ငြိမ်းငြိမ်းအေးတို့က သင်တန်းနှင့် စည်းကမ်းကို ရှင်းလင်းပြီး ဆဋ္ဌမတန်း၊ သတ္တမတန်း ကျောင်းသား ကျောင်းသူ ၁၀၀ တို့ကို နည်းပြဆရာ ဆရာမ ရှစ်ဦး က ကင်းထောက်ပညာ စာတွေ့၊ လက်တွေ့သင်တန်းကို ရှစ်ရက်ကြာ ပို့ချသွားမည်ဖြစ်သည်။**(မြို့နယ် ပြန်/ဆက်)**

ကွန်ကရစ်ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ထား

နေပြည်တော် ဒီဇင်ဘာ ၂၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း သည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်း တွင် နေပြည်တော် - ပုဂံလမ်းရှိ ဆတ်သွားဘူတာသို့သွားရောက်ပြီး ခရီးသွားပြည်သူများနှင့် တွေ့ဆုံ သည်။ ထို့နောက် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး(ညှပ်ပင်) နှင့် ကွန်ကရစ်ဇလီဖားတုံးများနှင့် သံလမ်းထိန်းကလစ်များ ထုတ်လုပ် နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လက်ရှိ ကွန်ကရစ်ဇလီဖားတုံးစက်ရုံ (၈)ရုံ၏ ထုတ်လုပ်နိုင်စွမ်းအရ မြန်မာ့ မီးရထားလမ်းပိုင်းအားလုံးအတွက် [illegible] ပြည့်မီမည်ဖြစ်၍ အခြား ကွန်ကရစ်ထုတ်ကုန်များ စီးပွားဖြစ် ထုတ်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင် စီမံထားရန် မှာကြားသည်(အပေါ်ပုံ)။ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် [illegible] ကနောင်မြို့နယ်ရှိ [illegible] တိုက်နယ်ဆေးရုံ ပန်းတင်ပေးပြီး ကနောင်မြို့ အခြေခံပညာအထက် တန်းကျောင်း [illegible] သို့ တက်ရောက်ခဲ့သည်။ ယင်းနောက် [illegible] ဆေးရုံကို ကြည့်ရှုစစ်ဆေးခဲ့ပြီး [illegible] အခမ်းအနား သို့ တက်ရောက်ခဲ့ကြောင်း သိရ သည်။ **(သတင်းစဉ်)**

မလေးရှားရောက်အထောက်အထားမရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၆

6P အစီအစဉ်အရ သတ်မှတ်ထား သောစာရွက်စာတမ်းအထောက် အထားများပြည့်စုံပြီး မြန်မာနိုင်ငံ လက်မှတ် မပြုလုပ်ရသေးသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ [illegible] EVER FIND SERVICE SDN,BHD မှ အသိ ပေးကြေညာချက်အား ဒီဇင်ဘာ ၂၆ ရက်က မလေးရှားရောက် မြန်မာများ ဆက်သွယ်မေးမြန်းရန် သိရသည်။ [illegible] EVER FINE ကုမ္ပဏီ [illegible] EVER FIND SERVICE SDN,BHD က အသိ ပေးကြေညာချက်အရ မလေးရှားနိုင်ငံ၌ Work Permit လျှောက်ထားမှု [illegible] **(ဖိုးဝင်း-MLA)**

○ကျောဖုံးမှ

ထို့နောက် ပွဲကစားချိန် ၆၆ မိနစ်တွင် ဟားစီးတီး နောက်ခံလူ ချက်စတာ၏ ခေါင်းတိုက်ဖျက်ထုတ်မှုမှ တစ်ဆင့် မန်ယူအသင်း တတိယမြောက်ဂိုးရရှိကာ ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ရာ မန်ယူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် မန်ယူ အသင်း အနိုင်ရရှိခဲ့သော်လည်း မိနစ် ၉၀ တွင် ဗလင်စီယာ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ **(ငွေကြယ်)**

သုံးနားညီမှ အလွန်လှပ

စာရေးသူမြင်တွေ့ သိသမျှဖောက်သည်ချပါရစေ. . .

ဘာလဲဆိုတော့ ဧရာဝတီတိုင်းဒေသကြီး ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်း အနားရဲ့ မြင်ကွင်းနဲ့ ပြည်သူတွေရဲ့ရင်ဖွင့်သံအမှန်တွေ အကြောင်းပဲဖြစ်ပါတယ်။ ဒီအခမ်းအနားကြီးကို ပုသိမ် မြို့ ကိုးသိန်းအားကစားကွင်းကြီးမှာ ၂၄-၁၂-၂၀၁၃ ရက်နေ့က ခမ်းခမ်းနားနားကျင်းပပြီး နိုင်ငံတော် သမ္မတကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့တာဖြစ်ပါ တယ်။

အပြောမဟုတ်၊ အလုပ်နဲ့လက်တွေ့ပြနေတဲ့ ပြယုဂ် တွေလို့ခံစားမိပါတယ်၊ ဒီအခမ်းအနားကြီးမှာ ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နဲ့ မြို့ပြ အခြေခံ ပြည်သူများအတွက် ဆောင်းသီးနှံအသေးစားချေးငွေကျပ် သိန်းပေါင်း ၇၆၂၁၁ ဒသမ ၅ သိန်းကိုထုတ်ချေးပေးတဲ့ အပြင် တန်ဖိုးကျပ်သိန်းပေါင်း ၄၈၇၈ ဒသမ ၃၈ သိန်းဖိုး ရှိတဲ့ ထွန်စက်အပါအဝင် လယ်ယာသုံးစက်ကိရိယာ ၅၄၂ မျိုး၊ တန်ဖိုးကျပ်သိန်းပေါင်း ၁၅၃၁ ဒသမ ၂၀ သိန်းဖိုးရှိ ဆိုက်ကား၊ အပ်ချုပ်စက်အပါအဝင်လုပ်ငန်း သုံးပစ္စည်း ၄၃၆ မျိုးနဲ့ တန်ဖိုးကျပ်သိန်းပေါင်း ၁၆၄ ဒသမ ၉၅ သိန်းတန်ဖိုးရှိ ရေလုပ်ငန်းသုံးပစ္စည်း ၄၉ မျိုးတို့ကို အရစ်ကျငွေချေစနစ်နဲ့ ရောင်းချပေးသွားတာ လည်း လက်တွေ့မြင်တွေ့လိုက်ရပါသေးတယ်။

မှန်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက် ခရိုင်ရှိ မြို့နယ် ၂၆ မြို့နယ်က သမဝါယမအသင်းပေါင်း ၈၇၉ သင်းမှ အသင်းသား ၇၆၄၄၇ ရဲ့ စိုက်ဧကပေါင်း ၁၅၂၄၂၃ အတွက် စိုက်ပျိုးစရိတ်ရင်းနှီးမတည်ငွေ (Seed Money)ကို ထုတ်ချေးပေးလိုက်တာပါ၊ ချေးငွေ သာမက တောရော မြို့ပါမကျန်ရအောင် ရည်ရွယ်ထားတာ နဲ့အညီ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးပစ္စည်း စုစုပေါင်း ၁၀၂၇ မျိုးကို အသင်းပေါင်း ၂၇၈ သင်း အတွက် အရစ်ကျငွေပေးချေတဲ့စနစ်နဲ့ ရောင်းချပေးနေ တာလည်း မျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုး စရိတ်ရင်းနှီးမတည်ငွေကို ဧရာဝတီတိုင်းဒေသကြီး သာမက ကျန်တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်များမှာရှိတဲ့ ကျေးလက်ပြည်သူများအတွက် ဆောင်းသီးနှံအသေးစား ချေးငွေအဖြစ် ကျပ်သိန်းပေါင်း ၄၃၉၆၈၈ ဒသမ ၈၇ သိန်းကိုလည်း အခု ၂၀၁၃ ခုနှစ် ဒီဇင်ဘာလနဲ့ ၂၀၁၄ ခုနှစ် ဇန်နဝါရီလများအတွင်း ထုတ်ချေးပေးဖို့အစီအစဉ် ရှိကြောင်း ကြားသိလိုက်ရတော့ ထပ်ဆင့်ဝမ်းသာပီတိ ဖြစ်မိတာအမှန်ပါ။

တကယ်တော့လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်မှုလုပ်ငန်းတွေရဲ့ အခြေခံအကျ ဆုံး၊ ပြည်သူများအလိုအပ်ဆုံး အသေးစားချေးငွေ (မတည်ရင်းနှီးငွေ)အတွက် သမဝါယမဝန်ကြီးဌာနအနေနဲ့ သမဝါယမအသင်းများရှိ အသင်းသားပြည်သူတွေထံ ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်ထုတ်ချေးပေးတာ တွေ့ရပါတယ်။ ပြည်သူများရဲ့ အရင်းအနှီးအတွက် ကျပ်သိန်းပေါင်း ၁၀၈၄၃၁ ဒသမ ၉၄၈ သိန်းကျော် ထုတ်ချေးပေးခဲ့သလို ကျပ်သိန်း ၁၉၉၂၆ ဒသမ ၄၁ သိန်းရှိ လုပ်ငန်းသုံးယာဉ်၊ စက်ကိရိယာအမျိုးမျိုး ၁၉၅၄ ခုကိုလည်း အရစ်ကျငွေချေစနစ်နဲ့ ရောင်းချပေးထား ခဲ့တာတွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအသင်းသားပြည်သူတွေ အနေနဲ့ လတ်တလောသက်သာစေဖို့နဲ့ နောင်ကိုယ့်ခြေ ထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ဆောင်ရွက်ပေး နေခြင်းဆိုတာကို ကာယကံရှင်ပြည်သူတွေ ကိုယ်တွေ့ ခံစားနေရပါပြီ။ ဒါကြောင့်လည်း ပြန်ဆပ်ချိန်မှာ အပြည့် အဝပြန်လည်ပေးဆပ်နေကြတာဖြစ်ပါတယ်။ ပြည်သူ များရဲ့ အသိစိတ်နဲ့ ပူးပေါင်းဆောင်ရွက်မှုကောင်းမွန် တဲ့ ပြယုဂ်ပဲပေါ့။ ဒါနဲ့ ပြည်သူများရဲ့ ခံစားချက်တွေ ကိုလည်း စောကြောကြည့်မိပါတယ်။ အဲ့ဒီနေ့ အခမ်း အနားကြီးမှာ အသင်းသားများကိုယ်စား ကျေးဇူးတင် စကားပြောကြားသွားတဲ့ မအူပင်မြို့နယ် သမဝါယမ အသင်းမှ ဦးစိုးမြင့်က "သို့သော်လည်း ဧရာဝတီတိုင်း ဒေသကြီးအတွင်းမှာ လူဦးရေရှစ်သိန်းကျော်ရှိသော် လည်း သမဝါယမအနေဖြင့် အသင်းသားခုနစ်သောင်းကို သာ ငွေချေးပေးနိုင်ခြင်း၊ အသင်းသားတစ်ဦးကိုငါးသောင်း၊ တစ်သိန်းလောက်သာ ထုတ်ချေးပေးနိုင်တာကြောင့် ပြည်သူများအတွက် လုံလောက်မှုမရှိသေးပါဘူး" ဟု ပွင့်လင်းစွာ ဖော်ပြသွားသလို "ကျေးရွာအရောက်အခြေခံ သမဝါယမအသင်းများ ဖွဲ့စည်းကာ အတိုးနှုန်းသက်သာ စွာဖြင့် ငွေထုတ်ချေးပေးတာကြောင့် ယနေ့ပြည်သူများ ဟာ ယခင်ထက်စာရင် စီးပွားရေးအဆင်ပြေလာခဲ့ပါ တယ်"ဟုလည်း ကျေနပ်စကားဆိုခဲ့တာမျိုး တွေ့ရပါ တယ်။ ထို့အတူ ပုသိမ်မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌကလည်း "ရင်းနှီးငွေနည်းတဲ့အလျောက် မပြေ လည်ရင် တခြားကထပ်ချေးရပါသေးတယ်၊ ထုတ်ချေး ငွေများလာရင်တော့ တခြားကယူစရာမလိုတော့ဘူး ပေါ့" ဟုတစ်မျိုး၊ ဆိုင်ကယ်အငှားသမားဘဝကနေ အရစ်ကျစနစ်ကြောင့် ဆိုင်ကယ်ပိုင်ရှင်ဖြစ်လာတဲ့အတွက် လုပ်သလောက် ခံစားရတာပေါ့"ဟု တစ်သွယ်၊ လက်တွေ့နယ်ပယ်မှ ထင်ဟပ်ခံစားချက်များဖြစ်ကြောင်း စာရေးသူ နားလည်လိုက်ပါတယ်။ ဒါတွေကြောင့်လည်း သမဝါယမအနေနဲ့ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်အောင် ကြိုးပမ်းနေတယ်ဆိုတာ အားလုံးအသိပါပဲ။

ဒါကြောင့် အသင်းသားပြည်သူတွေ၏ ထင်ဟပ် ချက်ကို အခြေပြုဆောင်ရွက်ခြင်းသည် ပြည်သူလူထုဗဟို ပြု ဖွံ့ဖြိုးတိုးတက်ရေး(People Centered Develop- ment) ကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း စာရေးသူဆိုချင်ပါတယ်။ ထိုကဲ့သို့ မိမိဆန္ဒနှင့် လိုလားချက်များရှိခြင်းနှင့်အတူ ကိုယ်စီထမ်းရွက်ကြ ရမည့် တာဝန်များလည်း ရှိလာနိုင်ပါတယ်။ တစ်ဆက် တည်းတင်ပြလိုသည်မှာ သမဝါယမအခြေတည်ထားမှု ဖြစ်ပါတယ်။ သမဝါယမသည် ဖိုခနောက်ဆိုင် (သို့မဟုတ်) သုံးနားညီသဘောဖြစ်တာတွေ့ရပါတယ်။ အသင်းမှာပါတဲ့ အသင်းသားများကဏ္ဍ၊ အသင်းမှာရှိတဲ့ အမှုဆောင်များကဏ္ဍနဲ့ ဘေးကဝန်းရံထိန်းကျောင်းပေး နေတဲ့ ဌာနဝန်ထမ်းများကဏ္ဍဆိုပြီး ရှိကြတဲ့အတွက် သုံးနားညီစွာရှိမှသာ သမဝါယမပုံရိပ်ထည်ဝါနိုင်မယ်လို့ ယုံကြည်ပါတယ်။

ထို့အတူ သမဝါယမအသင်းများ အဆင့်မြှင့်တင် ခြင်းလုပ်ငန်းရဲ့ အခြေခံဖြစ်တဲ့ အသေးစား ငွေစုငွေချေး လုပ်ငန်း(Microfinance) လုပ်ငန်းရဲ့ သဘောမှာလည်း တစ်ဦးချင်းထိန်းကျောင်းခြင်း၊ အဖွဲ့လိုက်ထိန်းကျောင်း ခြင်း၊ အသင်းလိုက်ထိန်းကျောင်းခြင်းဆိုတဲ့ သုံးနားညီ စနစ်(Tripartite Control System) ဆိုတာမျိုးဖြစ်တဲ့ အတွက် ကိုယ်စီကိုယ်င မိမိတာဝန်ကျေရုံမျှနှင့် သမ ဝါယမအသင်းလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေ မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါ။ ဒီအခမ်းအနားကြီး မှာလည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က-

"တစ်ဦးချင်းတာဝန်ယူမှု၊ အဖွဲ့စနစ်နဲ့တာဝန်ယူမှု၊ သမဝါယမအသင်းများက တာဝန်ယူမှုတွေနဲ့ ပေါင်းစပ် ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ ချေးငွေရယူတဲ့ ပြည်သူတွေက တာဝန်ကျေဖို့ လိုအပ်သလို ဒီလုပ်ငန်း တွေမှာ တာဝန်ယူဆောင်ရွက်နေကြတဲ့ သမဝါယမ ဝန်ကြီးဌာနက ဝန်ထမ်းတွေ၊ သမဝါယမအသင်းတွေက အမှုဆောင်တွေနဲ့ ဝန်ထမ်းတွေကလည်း မှန်မှန် ကန်ကန် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုအပ် ပါတယ်" ဟု လမ်းညွှန်မိန့်ကြားခြင်းသည် အသေးစား ငွေစုငွေချေးလုပ်ငန်း အောင်မြင်ရေးသာမက သမ ဝါယမလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရေး အထိပါ မီးမောင်းထိုးပြလိုက်ခြင်းဟု ခံယူမိပါတယ်။ တစ်နည်းဆိုရသော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှု စီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသော နိုင်ငံတော်စီးပွားရေး၏ ဒုတိယ မဏ္ဍိုင်အဖြစ် တာဝန်ယူဆောင်ရွက်နေသော သမ ဝါယမဝန်ကြီးဌာနနဲ့ သမဝါယမအသင်းများက မမိုတ် မသုန်ခံယူဆောင်ရွက်သွားကြရမည့် အလုပ်လမ်းညွှန် များသာ ဖြစ်ပါကြောင်း ဧရာဝတီတိုင်းသားများ၏ ကြည်နူးမှုပီတိများကို ထပ်တူခံစားရင်း မျှဝေလိုက် ရပါတယ်။ ။

မြင့်အောင်(ဇေယျာမြေ)

❐ **အာဆီယံဥက္ကဋ္ဌမှ**

ကမ္ဘာ့အလယ်မှာ မြန်မာတို့ရဲ့ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဗိသုကာ၊ ကူးသန်းရောင်းဝယ်ရေးနဲ့ စစ်ဘက်ရေးရာစတဲ့နိုင်ငံရေး အဆောက်အအုံစံချိန်မြင့်မားမှုကို ထင်ရှားစွာနဲ့ ဂုဏ်ယူဝင့်ကြွားစွာ ပြသနိုင်တဲ့နေရာ တစ်နည်းအားဖြင့် "မြန်မာတို့ရဲ့ နှလုံးသားဝိညာဉ်"ဖြစ်တာကြောင့် အဓိပ္ပာယ်နဲ့ အနှစ်သာရ လေးနက်ပြည့်ဝမှုကတော့ အထူးပြောဖို့တောင် လိုမယ်မထင်ပါဘူးခင်ဗျာ။

မေး။ AMM-Retreat မှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မီဒီယာဆိုင်ရာစီမံခန့်ခွဲမှုတွေ ဆောင်ရွက်ပေးမယ့်အခြေအနေကိုလည်း ရှင်းပြပေးပါ။

ဖြေ။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းတွေ တာဝန်ယူ ဆောင်ရွက်နေပါတယ်။ ယခု AMM-Retreat အတွက် မီဒီယာဆိုင်ရာစီမံခန့်ခွဲမှုကိစ္စတွေဖြစ်တဲ့ မီဒီယာဆိုင်ရာဆက်သွယ်ညှိနှိုင်းရေး၊ မီဒီယာသမားများ မှတ်ပုံတင်ရေးနဲ့ သတင်းထောက်ကတ်များ ထုတ်ပေးရေးတို့အတွက် တာဝန်ခံဆောင်ရွက်ကြမယ့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှတာဝန် ရှိသူတွေရဲ့ ဖုန်းနံပါတ်တွေကိုလည်း နေ့စဉ်ထုတ်သတင်းစာများမှာ ဖော်ပြပေးလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့ မွန်းလွဲ ၂ နာရီမှာ သတင်းစာရှင်းလင်းပွဲပြုလုပ်မှာဖြစ် ပြီး ပြည်တွင်း ပြည်ပက မီဒီယာသမားများ သတင်းရယူမှုအဆင်ပြေအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ လျှောက်လွှာပုံစံကို ASEAN Webportal ဖြစ်တဲ့ www.asean 2014.gov.mm up coming events ခေါင်းစဉ်အောက်က ASEAN Foreign Ministers' Meeting's Retreat, AMM-Retreat ကိုဖွင့်ပြီး download ရယူနိုင်ပါတယ်။ ဒါ့အပြင် Myanmar- ASEAN Website မှာ Media Advisory ကိုလည်း လွှင့်တင်ပေးမှာဖြစ်ပါတယ်။

မေး။ Website ဝင်ရတာ လမ်းလွဲလို့ လျှောက်လွှာပုံစံယူရခက်ခဲနေရင် အခြားဘယ်လိုနည်းလမ်းနဲ့ ရယူနိုင်ပါမလဲ။

ဖြေ။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးလှိုင်မြင့်ရဲ့ e-mail လိပ်စာဖြစ်တဲ့ npemoi @ gmail.com ကို invite လုပ်လိုက်ရင် သူက အမြန်ဆုံး download လုပ်လို့ ရနိုင်မယ့် ဆက်ကြောင်း(Link)ကို ပြန်ပို့ပေးမှာဖြစ်ပါတယ်။

မေး။ AMM-Retreat မှာ ဘယ်လိုအကြောင်းအရာတွေ ဆွေးနွေး၊ ဆုံးဖြတ်မယ်ဆိုတာလည်း အနည်းငယ်ရှင်းပြပေးပါ။

ဖြေ။ AMM-Retreat ကို နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနက တာဝန်ခံ ကျင်းပပြုလုပ်တာဖြစ်ပါတယ်၊ အဲဒီအစည်းအဝေးအကြောင်း ခြုံငုံပြောရမယ်ဆိုရင် ယခင် ပြုလုပ်ခဲ့တဲ့ အစည်းအဝေးများမှ ဆုံးဖြတ်ချက်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နဲ့ မြန်မာတို့ရဲ့ အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့် ၂၀၁၄ ခုနှစ်ရဲ့ လုပ်ငန်းစဉ် တွေကို မဟာဗျူဟာမြောက်စီမံဆောင်ရွက်နိုင်ရန် ဦးတည်ပြုလုပ်တာပဲဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှာ သတင်းစာရှင်းလင်းပွဲပြုလုပ်ပေးမှာဖြစ်တဲ့အတွက် အစည်းအဝေးနဲ့ ဆိုင်တဲ့သတင်းတွေကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ခင်ရတနာ

ကွတ်ခိုင်မြို့နယ် ရှောက်ပော်ကျေးရွာတွင် ဘိန်းချက်စခန်း ဖမ်းဆီးရမိ

ကွတ်ခိုင် ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ရှောက်ပော်ကျေးရွာရှိ ပော်လောက်ဖန်(ခ)ပော်ရင်ထင်း ပိုင်ဆိုင်သည့် တောင်ယာခြံရှိအဆောက် အအုံနှင့် ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးများ သိုလှောင်ချက်လုပ်ရောင်းချ နေကြောင်း သတင်းအရ ဒီဇင်ဘာ ၂၅ ရက် နံနက် ၄ နာရီ ၁၅ မိနစ်တွင် အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု (လားရှိုး) မှ ရဲမှူးရဲနိုင် ဦးစီးတပ်ဖွဲ့ဝင်များ၊ ဗိုလ်မှူးနေဝင်းမောင် ဦးစီးနယ်မြေခံတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ကွတ်ခိုင်မြို့နယ် ရှောက်ပော်ကျေးရွာအနောက်ဘက်ရှိ ပော်လောက်ဖန် (ခ) ပော်ရင်ထင်း ပိုင်ဆိုင်သော အဆောက်အအုံအတွင်း ဝင်ရောက် ရှာဖွေရာ ပော်လောက်ဖန်(ခ)ပော်ရင်ထင်းမှာ ထွက်ပြေးတိမ်းရှောင် သွားခဲ့ပြီး ၎င်းခြံအောက်ရှိ အဆောက်အအုံတွင် ရန်ကွယ်ကျိုက်၊ လီကွယ် ရှော်နှင့် ကွေယုနိမ်တို့ကို တွေ့ရှိရပြီး တောင်ယာခြံ၊ အဆောက်အအုံနှင့် ပတ်ဝန်းကျင်မှလက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသောဘိန်းချက်စခန်းမှ သိမ်းဆည်းရမိခဲ့သောပစ္စည်းများ၏ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၁၆၇၆ သိန်းကျော်ဖြစ်ကြောင်း သိရသည်။ မူးယစ်ဆေးဝါးများသိုလှောင်ချက်လုပ်သူနှင့် ဘိန်းချက်စခန်း ပိုင်ရှင်ဖြစ်သူတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဟန်ဌေး(IPRD)

FIFA ကမ္ဘာ့ဖလားဆုကြီးအား ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ပြသလျက်ရှိရာ လာရောက်ကြည့်ရှုသူ ပရိသတ်များအတွက် ဖျော်ဖြေရေးအစီအစဉ်အဖြစ် Hologram နည်းပညာဖြင့် ပြသပေးသည့် ကမ္ဘာ့ဖလားဆုရရှိမှုသမိုင်းကြောင်း ပုံရိပ်များ ပြသပေးသည့် အစီအစဉ်နှင့် ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားလာဘ်ကောင် Fuleco နှင့်အတူ ဓာတ်ပုံရိုက်ခြင်းကို ပြည်သူအများ စိတ်ဝင်တစား ပျော်ရွှင်စွာ လာရောက်အားပေးနေသည်ကို တွေ့ရစဉ်။ ဇော်ကြီး(ပဏီတ)

❖ **ကျောဖုံးမှ**

စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များဖြင့် ဒီဇင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂၆ ရက်ထိ မြို့နယ်အတွင်းလှည့်လည်ကာ စည်းကမ်း မဲ့ရပ်နားထားသည့် မော်တော်ယာဉ် ၃၄ စီးကို အရေးယူဆောင်ရွက်ခဲ့ကြသည်။ "ကျွန်တော်က ကိုယ်ပိုင်အငှားယာဉ်မောင်းတစ်ဦးပါ။ အခုလိုစည်းကမ်းမဲ့ ယာဉ်တွေကို အရေးယူဆောင်ရွက်ရာမှာ ခဏသာမဟုတ်ဘဲ စဉ်ဆက်မပြတ် အရေးယူဆောင်ရွက်စေလိုပါတယ်။ ဒါမှသာ သတ်မှတ်ထားတဲ့ စည်းကမ်းနဲ့ အညီ ရှောင်ကြဉ်ကြမှာဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်တော့ ရှေ့ကဖမ်း နောက် ကရပ်အဖြစ်မျိုးကြုံတွေ့ရပြီး ယာဉ်ကြောကျပ်တည်းမြဲ ကျပ်တည်းနေမှာဖြစ် ပါတယ်"ဟု ယာဉ်မောင်း ဦးကျော်လွင်ဦးက ပြောသည်။ **(၁၉၇)**

စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဒီဇင်ဘာ ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကြီးခရိုင်ရုံးမှ တောင်ကြီးမြို့နယ်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားလူမျိုးများ နေထိုင်သော နောင် ထလီကျေးရွာနေပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေး၊ စာဖတ်သည့်အလေ့အထ တိုးပွားစေရေး၊ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဗဟုသုတများ သိရှိစေရေးအတွက် ရည်ရွယ်၍ ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာ စာသင်ကျောင်းနှင့် စာကြည့်တိုက်တွင် ကျင်းပသည်။

အဆိုပါ နယ်လှည့်လုပ်ငန်းတွင် တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက စာဖတ်ခြင်းအကျိုးကျေးဇူး၊ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ သိကောင်း စရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက စာကြည့်တိုက်ရေရှည် တည်တံ့ရေးနှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး ဟောပြောကြသည်။

ထို့နောက် ပြသထားသော ဓာတ်ပုံ၊ နံရံကပ် စာစောင်၊ စာအုပ်များကို တက်ရောက်လာကြသော ကျေးရွာနေပြည်သူများက စိတ်ဝင်တစားကြည့်ရှုလေ့လာ ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရွှေတောင်မြို့နယ် ဥယျာဉ်ကျေးရွာ ရွှေအိုးစာကြည့်တိုက်ဖွင့်

ရွှေတောင် ဒီဇင်ဘာ ၂၆

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားရေး၊ လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်ဖြင့် ပြည်ခရိုင် ရွှေတောင်မြို့နယ် ထန်ကုန်းအုပ်စု ဥယျာဉ်ကျေးရွာ ရွှေအိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး နှင့် သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ယင်းစာကြည့်တိုက်မှာ အလျား ၁၈ ပေ၊ အနံ ၉ ပေ၊ အမြင့် ၉ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းဖြစ်ပြီး သုတ၊ ရသစာအုပ်စာစောင် ၃၀၀၊ ဗီရိုတစ်လုံး၊ စာအုပ်စင်တစ်ခု၊ စားပွဲတစ်လုံး၊ ဖိုင်ဘာခုံ လေးလုံးတို့ပါဝင်ပြီး ကျေးရွာနေပြည်သူများ၏ လှူဒါန်းငွေကျပ် ရှစ်သိန်းဖြင့် ဆောက်လုပ်ခဲ့ ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့နိုင်ငံရေး (၁၉၄၅-၁၉၄၈) ဖြန့်ချီ



မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု နောက်ဆုံးအဆင့်ဖြစ်သည့် ၁၉၄၅-၁၉၄၈ ကာလသည် မြန်မာနိုင်ငံတော်အတွက် လွတ်လပ်ရေးအောင်ပန်းဆွတ်ခူးနိုင်ရန် ကြိုးပမ်းမှုအထွတ်အထိပ်ကာလဖြစ်သည်။ ဤကာလအတွင်း ဖြစ်စဉ်ဖြစ်ရပ်များကို နောင်လာနောက်သားတို့ အကိုးအကားပြု နိုင်ရန် ပြုစုထားသောစာအုပ်ဖြစ်သည်။ စာအုပ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်း သုတေသနဦးစီးဌာန စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေရေးကော်မတီက ထုတ်ဝေပြီး ရုံးအမှတ် (၃၅) နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၃၆၊ ၀၆၇-၄၀၈၃၈၄နှင့် အမျိုးသားပြတိုက် (ရန်ကုန်) ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရ သည်။

တိုင်းရင်းသားရက်စဉ်သမိုင်း (မွန်)စာအုပ်ထုတ်ဝေ

သမိုင်းကိုလေ့လာရာတွင် ရက်စဉ် သမိုင်းသည် အရေးပါသည်။ ဖြတ်သန်းခဲ့ ရသော ခေတ်အားလုံးကိုခြုံငုံပြီး အရေး ပါသော သမိုင်းဖြစ်စဉ်များကို ရက်စဉ် အလိုက် ပြုစုထားသဖြင့် စာပေလိုက်စား သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေ မည့် စာအုပ်ဖြစ်သည်။ ယဉ်ကျေးမှု ဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန သည် ရက်စဉ်သမိုင်းများကို ထုတ်ဝေလျက် ရှိရာ ယခုထုတ်ဝေသော တိုင်းရင်းသား ရက်စဉ်သမိုင်း(မွန်)သည် တိုင်းရင်းသားများ၏ ရက်စဉ်သမိုင်းတွင် ပထမဦးဆုံးထုတ်ဝေခြင်းဖြစ်သည်။ စာအုပ်ကို ရွှေမင်းသားပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနရုံး အမှတ်(၃၅) နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၃၆၊ ၀၆၇-၄၀၈၃၈၄ နှင့် အမျိုးသားပြတိုက် (ရန်ကုန်) ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

လွယ်ကူလေ့လာ သင်္ချာကမ္ဘာ



ဆရာဘိုကြီး ပြုစုသော လွယ်ကူ လေ့လာသင်္ချာကမ္ဘာစာအုပ်ထွက်ရှိလာပါ သည်။ သင်္ချာပါရမီအခံရှိသူနှင့် မရှိသူ အားလုံး၊ မူလတန်းနှင့် အလယ်တန်း ကျောင်းသားအားလုံး စိတ်ပျော်ရွှင်ပြီး ဉာဏ်ရည်ထက်မြက်သော လူရည်ချွန်များ ထွက်လာစေရန် ရည်ရွယ်ပြုစုထားခြင်းဖြစ် သည်။ ထိုစာအုပ်တွင် ကိန်းပြည့်တွက်ချက်မှု များအတွက် ဗျူဟာဒသမကိန်းများ ရှာဖွေခြင်း၊ အပိုင်းကိန်းများလေ့လာ ခြင်း၊ ရာခိုင်နှုန်းတွက်ချက်ခြင်းစသည်တို့ကို မိဘတွေကိုယ်တိုင်လည်း လေ့လာပြီး မိမိ သားငယ်၊ သမီးငယ်များကို သင်ကြားပေးပါက သင်္ချာ စွမ်းရည်ထက်မြက်သော ကလေးငယ်များဖြစ်လာပါလိမ့်မည်။ စာအုပ်ကို APS စီးပွားရေးသင်တန်းကျောင်း ဖုန်း-၀၉၃၁၂၈၈၆၄၇ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

ထူးချွန်ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာ အိတ်ဆောင်အဘိဓာန်

ထူးချွန်ကျောင်းသားသုံး အင်္ဂလိပ်- မြန်မာအိတ်ဆောင်အဘိဓာန်စာအုပ်ထွက် ရှိလာသည်။ ဤစာအုပ်လေးတွင် မရှိမဖြစ် လိုအပ်နေသော စကားလုံးပေါင်း ၆၀၀၀ ကျော်၏ အသုံးတွင်ကျယ်ပုံများကို ရှင်းပြ ထားပြီး အတွေ့အကြုံများသော ဆရာများ က ဂရုတစိုက်ရွေးချယ်ထားသည့် အခြေခံ အင်္ဂလိပ်စာအတွက် အမှန်တကယ်သိထား ရန် လိုအပ်သော စကားလုံးများဖြစ်ပါသည်။ အင်္ဂလိပ်စာလေ့လာသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အဆိုပါအိတ်ဆောင်စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) (၃၉)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ကသာခရိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကသာခရိုင် ဝန်းသိုမြို့နယ် ဦးအောင်မြတ်ခန်းမ၌ကျင်းပသော မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ အထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်ရာ ကော်မတီများက မြို့နယ်၏ လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အသီးသီးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး မီးသတ်ဝတ်စုံများ၊ ကြက်ခြေနီဝတ်စုံများ၊ စစ်မှုထမ်းဟောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်နေသော ရွှေဘို-မြစ်ကြီးနားကတ္တရာလမ်း ၁၆၈ မိုင် အဆင့်တိုးမြှင့်ခြင်းလုပ်ငန်းစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီး ဦးလှထွန်းဦးကလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် အင်းတော်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် "ပညာတံခွန်" နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူး ဦးဘုန်းကြွယ်၊ ကျောင်းကော်မတီဝင် ဦးညွှန့်မောင်တို့က ကျောင်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ပညာတံခွန် နှစ်ထပ်ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ဒုတိယပိုင်းအခမ်းအနားသို့ တက်ရောက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာက ကျောင်းသမိုင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူး ဦးဘုန်းကြွယ်ထံ ကျောင်းကော်မတီဝင် ဦးညွှန့်မောင်က ပညာတံခွန်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများထံ ကျောင်းကော်မတီဝင်များက အထိမ်းအမှတ်အလံများအား အသီးသီးပေးအပ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ကျောင်းကုန်းကျေးရွာအလယ်တန်းကျောင်းခွဲအတွက် ၂၄ လက်မ TV နှင့် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များ အသီးသီးထောက်ပံ့ပေးအပ်ပြီး ရပ်မိရပ်ဖဦးတင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ပညာတံခွန် နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀× အနံပေ ၃၀ × အမြင့် ၂၄ ပေ အုတ်ညှပ် နှစ်ထပ်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၅၆၀ ဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် အင်းတော်မြို့သို့ရောက်ရှိရာ ရွှေပြည်သာလမ်း အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ ကျောက်ချောကတ္တရာလမ်း ခင်းကျင်းနေမှုနှင့် အောင်မေတ္တာရပ်ကွက် မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် ကသာမြို့တွင် မိုင်(၀/၀-၃/၇) အတွင်း ကတ္တရာလမ်းခင်းကျင်းနေမှုနှင့် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်များဆောက်လုပ်နေမှုနှင့် ကသာပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

မုံရွာမြို့၏ ပထမဆုံး 7D အဆင့်မြင့်ရုပ်ရှင်ရုံနှင့် ကလေးကစားကွင်းဖွင့်

မုံရွာ ဒီဇင်ဘာ ၂၆

Happy Life-7D အဆင့်မြင့်ရုပ်ရှင်ရုံနှင့် ကလေးကစားကွင်းကို မုံရွာတက္ကသိုလ်အနီး သလ္လာရပ်ကွက် ရေကူးကန်လမ်းတွင် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့ကဖွင့်လှစ်ခဲ့ရာ အဆင့်မြင့်ရုပ်ရှင်ရုံ၏ ရုပ်ရှင်ပြသချိန်တွင် လူကိုးဦး ကြည့်ရှုနိုင်ပြီး ကလေးကစားကွင်းအတွင်း အပန်းဖြေဥယျာဉ်၊ အအေးနှင့် ကော်ဖီအရောင်းဆိုင်၊ စားသောက်ဆိုင်နှင့် ရေကူးကန်တို့ ပါဝင်ကြောင်း တွေ့ရသည်။ မုံရွာတက္ကသိုလ်အနီး ပထမဆုံးဖွင့်လှစ်ခဲ့သော အဆင့်မြင့်ရုပ်ရှင်ရုံနှင့် အားကစားကွင်းအား LEVEL Up Traditing ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး မုံရွာမြို့ သလ္လာရပ်ကွက်အတွင်း သုံးဧကခန့်ကျယ်သော ရေကူးကန်ခြံဝင်းအား (၁၅)နှစ်ငှားရမ်းလုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကလေးကစားကွင်းအတွင်း ကစားနည်းသုံးဆယ်ကျော်အတွက် စက်ပစ္စည်းပေါင်း ၈၄ လုံးဖြင့် အသုံးပြုကစားနိုင်ကြောင်း 7D ရုပ်ရှင်ရုံနှင့်တွဲဖက်ပြီး ကခုန်သည့် Disco စက်၊ ကလေးသူငယ်စီး အနိမ့်အမြင့် လှုပ်ရှားစက်များ၊ ဘတ်စကက်ဘောပစ်ကစားသည့်စက်၊ အပျော်တမ်း အရုပ်ကောက်စက်၊ အပျော်တမ်းငါးဖမ်းစက်၊ လေဆာသေနတ်ပစ်စက်၊ ကွန်ပျူတာသုံး ဒရမ်တီးစက်၊ ဒီဂျေစက်များ၊ ဆိုင်ကယ်မောင်းစက်၊ ကားမောင်းစက်များကို လောလောဆယ် အသုံးပြု၍ ရနေပြီဖြစ်ကြောင်း သိရသည်။

"လောင်းကစားလုပ်ဖို့ သက်သက်ဖွင့်တာမဟုတ်ပါဘူး။ ဒီနေရာမှာ ကလေးသူငယ်တွေအတွက် အပန်းဖြေစရာ နေရာတစ်ခုအဖြစ် ကစားကွင်းဖော်ထုတ်ပေးတာ ဖြစ်ပါတယ်။ ဒီကနေ့ခေတ် ကစားစရာပစ္စည်းတွေက ကွန်ပျူတာနည်းပညာနဲ့ ပြုလုပ်ထားတာဖြစ်တဲ့အတွက် ကလေးငယ်တွေအနေနဲ့ အဆင့်မြင့်ကစားနည်းတွေကို ကိုင်တွယ်အသုံးပြုနိုင်အောင် ရည်ရွယ်ဖွင့်လှစ်တာဖြစ်ပါတယ်။ ရုပ်ရှင်ရုံအနေနဲ့ နောက်ဆုံးနည်းပညာဖြစ်တဲ့ 7D ရုပ်ရှင်ရုံကို ဖွင့်လှစ်ထားတာဖြစ်ပါတယ်"ဟု Happy Life-7D အဆင့်မြင့် ရုပ်ရှင်ရုံနှင့် ကလေးကစားကွင်း အထွေထွေမန်နေဂျာ ဦးမြတ်ဘုန်းနိုင်က ပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မြစ်ကြီးနား ဒီဇင်ဘာ ၂၆

မိုးညှင်းခရိုင် နယ်ထိန်းအဖွဲ့ ခေါင်းဆောင် ဒုရဲအုပ်မျိုးမင်းဝင်း ဦးစီးသောအဖွဲ့တို့သည် မူးယစ်ဆေးဝါး သတင်းအရ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာ အေဝမ်းရပ်ကွက်နေ ဦးဝင်းဦး (၄၆)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းအဆီရည်ဟု ယူဆရသော အညိုရောင် အရည်ကြည် အလေးချိန် ၁၁၅ ဒသမ ၆၈ မီလီမီတာခန့်စီပါ နှစ်ပုလင်း၊ ဘိန်းဆီခဲဟုယူဆရသော အမည်းရောင် အဆီခဲအလေးချိန် သုည ဒသမ ၅၂ ဂရမ်၊ ခပ်ပုံ(အဆင့်နိမ့်ဘိန်း)အလေးချိန် သုည ဒသမ ၆၁ ဂရမ်၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွ ဆေးပြား ၂၅ ပြား တို့အား သိမ်းဆည်းရမိကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်

မွေးမြူထုတ်လုပ်ရေး ဒီပလိုမာသင်တန်းအတွက်
ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်နှင့်အချိန်
ပြောင်းလဲကြောင်း ကြေညာချက်

ဤတက္ကသိုလ်မှ ကျင်းပပြုလုပ်ခဲ့သော မွေးမြူထုတ်လုပ်ရေးဒီပလိုမာသင်တန်းစာမေးပွဲ အောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
၂၉-၁၂-၂၀၁၃	၃၀-၁၂-၂၀၁၃
(တနင်္ဂနွေနေ့)	(တနင်္လာနေ့)
ညနေ(၄း၀၀)နာရီ	နံနက်(၈း၀၀)နာရီ

လှုနိုဖြူ
မော်ကွန်းထိန်းအဆင့်(၁)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဗမာအေး)၊ မြေကွက်အမှတ်(၄၅၆)၊ မြေကွက်တည်နေရာအမှတ်(၄၅၆)၊ မင်းရဲကျော်စွာ(၁)လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်(ဒေါ်သန်းရွှေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းရွှေ(မိခင်)နှင့် (ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်တင်တင်ခိုင်[၁၂/ဒပန(နိုင်)၀၂၃၅၉၂]က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ၏ ရှင်းလင်းတင်ပြချက်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့သို့ ပေးပို့လာသည့် အကြံပြုချက်များအနက် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီနှင့်သက်ဆိုင်သည့် အကြံပြုချက်တစ်ရပ်ဖြစ်သည့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများကို အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ် ပြောင်းလဲအကောင်အထည်ဖော်၍ ကျေးလက်ပြည်သူဘဝမြင့်မားရေးကို ဆောင်ရွက်ခြင်းနည်းလမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကောင်းမွန်သည့် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း အကြံပြုချက်နှင့်ပတ်သက်၍ အများပြည်သူသိစေရေးအတွက် အများပိုင်ကုမ္ပဏီဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖော်ပြအပ်ပါသည်။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီကဲ့သို့မဟုတ်ဘဲအများအကျိုးစီးပွားကိုရှေးရှု၍ ပူးပေါင်းဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသောကြောင့် လုပ်ကိုင်ဆောင်ရွက်သင့်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ယခုအခါ တောင်သူလယ်သမားများအတွက် လုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးလျက်ရှိပြီး မြို့နယ်အဆင့် ကုန်သည်/စက်မှုလုပ်ငန်းရှင်များကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါသောကြောင့် တောင်သူလယ်သမားများကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများနှင့်ဆက်စပ်နေသည့် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများစုစည်းကာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်အကောင်အထည်ဖော်နိုင်ပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူတို့၏ဘဝများ တစ်ဦးချင်းမျှတစွာခံစားနိုင်ပြီး အချိန်နှင့်တစ်ပြေးညီတိုးတက်သော ရာခိုင်နှုန်းတစ်ခုကိုဖော်ပြနိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြောင်း တင်ပြအပ်ပါသည်။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာတွင် -

(၁) ကျေးလက်ဒေသရှိ ပြည်သူများနှင့်စုပေါင်း၍သော်လည်းကောင်း၊ လက်ရှိဆောင်ရွက်လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကကုမ္ပဏီများမှ ဒါရိုက်တာအဖွဲ့ဝင်များစုပေါင်း၍သော်လည်းကောင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီအသစ်ဖွဲ့စည်းလုပ်ကိုင်နိုင်ပါသည်။

(၂) လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကကုမ္ပဏီမှ အများနှင့်သက်ဆိုင်သော ကုမ္ပဏီသို့လည်းကောင်း ပြောင်းလဲဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

(၃) အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာတွင် ဥပဒေအရ အစုရှင်ဒါရိုက်တာ အနည်းဆုံး ခုနစ်ဦးပါဝင်ရမည်ဖြစ်ပြီး အများဆုံးအကန့်အသတ်မရှိပါ။

(၄) အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာတွင် သတ်မှတ်မတည်ငွေရင်းမှာ အနည်းဆုံး ကျပ်သန်း ၅၀၀ သတ်မှတ်ထားပါသည်။

(၅) အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခွင့်ရပါက မှတ်ပုံတင်ကြေး ကျပ် ၁၀၀၀၀၀၀ ပေးသွင်းရမည်ဖြစ်ပါကြောင်းနှင့် အခွန်တော်တံဆိပ်ခေါင်း ကျပ် ၂၀၀၀၀၀ ကျပ်ကို ထမ်းဆောင်ရမည်ဖြစ်ပြီး သက်တမ်း(၅)နှစ်ရှိသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ရရှိမည်ဖြစ်ပါသည်။

(၆) ထူးခြားမှုအနေဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရရှိသည်နှင့် လုပ်ငန်းစတင်ဆောင်ရွက်၍ မရသေးပါ။

(၇) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရရှိပြီးသည်နှင့် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate For Commencement of Business) ရရှိရေးလျှောက်ထားရမည်ဖြစ်ပြီး ၎င်းရရှိပြီးမှသာ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းပါ လုပ်ငန်းရည်ရွယ်ချက်များကို စတင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၈) အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ပြည်သူများသို့ရှယ်ယာများခွဲဝေရောင်းချနိုင်ပြီး ရောင်းချရရှိသည့် အများပိုင်ငွေများကိုလည်း ဘဏ်တွင် စနစ်တကျအပ်နှံထားရန် လိုအပ်ပါကြောင်းနှင့် စာရင်းစစ်များကိုလည်း စနစ်တကျ ခန့်အပ်ထားရန်လိုအပ်ပါသည်။

(၉) အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် နောင်ဖြစ်ပေါ်လာမည့် စတော့ရှယ်ယာဈေးကွက်တွင် ကုမ္ပဏီ၏ ရှယ်ယာများအား ရောင်းနိုင်/ဝယ်နိုင်မည့် ကုမ္ပဏီများအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ

မိဘပြည်သူများက သတင်းပေးခဲ့သဖြင့် လူပြန်ပေးလုယက်မှုမှ တရားခံများအား ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၂၆

တွံတေးမြို့နယ် တွံတေးမြို့မရဲစခန်းက (ပ) ၄၀၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၆၅/၃၉၄ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသော တရားခံကျင်စိမ်း(ခ)ကျော်ဝင်းစိန်၊ ကထီး(ခ) သူရဇော်ဦး၊ သံပါးစပ်(ခ)စိုးမင်းဦးတို့အား ဖမ်းဆီးရမိရေး သတင်းပေးကြပါရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ အင်တာနက်စာမျက်နှာ၌ နိုဝင်ဘာ ၁၅ ရက်က ဖော်ပြအကူအညီတောင်းခံခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ နိုဝင်ဘာ ၂၆ ရက်တွင် ထွက်ပြေးတရားခံ သံပါးစပ်(ခ)စိုးမင်းဦးအား ဖမ်းဆီးရမိခဲ့ပြီး ကျန်ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံ ကထီး(ခ) သူရဇော်ဦးနှင့် ပတ်သက်၍ ပြည်သူတစ်ဦးက သတင်းပေးပို့မှုအရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က မြဝတီခရိုင်ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ဒု-ရဲမှူး အောင်ထူးအဖွဲ့က ဒီဇင်ဘာ ၂၅ ရက်တွင် မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါအမှုမှ ထွက်ပြေးတရားခံ ကထီး(ခ) သူရဇော်ဦးအား အမြန်ဖမ်းဆီးရမိခဲ့ခြင်းမှာ မိဘပြည်သူများက သတင်းပေးခဲ့၍ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းပေးပြည်သူများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ထားရှိပါကြောင်း၊ နောင်တွင်လည်း မိဘပြည်သူများက ရဲတပ်ဖွဲ့နှင့်လက်တွဲ၍ ရဲနှင့်ပြည်သူတစ်သားတည်းဖြစ်စေရေး ကူညီသတင်းပေးပူးပေါင်း ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ ဖော်ပြလိုက်ကြောင်းနှင့် တရားခံ ကထီး(ခ) သူရဇော်ဦးအား ကူညီဖမ်းဆီးပေးသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရဲတပ်ဖွဲ့အားလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း၊ မှတ်တမ်းတင်အပ်ထား ကြောင်းလည်း သိရသည်။

အလားတူ မင်္ဂလာဒုံမြို့နယ်တွင် သားအမိနှစ်ဦးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် မင်္ဂလာဒုံမြို့မရဲစခန်းက (ပ)၇၂၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ အမှုမှထွက်ပြေးတိမ်းရှောင်နေသည့် တရားခံမွန်လေး(ခ) လွင်မျိုးသူအား ဖမ်းဆီးရမိရေး သတင်းပေးနိုင်ပါရန် ဒီဇင်ဘာ ၂၃ ရက်က တရားခံ၏ မှတ်တမ်းဓာတ်ပုံနှင့်အတူ သတင်းပေးနိုင်သည့် ဖုန်းနံပါတ်များနှင့်တကွ ဖော်ပြထားရှိခဲ့ပြီး တွံတေးမြို့မရဲစခန်းက (ပ)၄၀၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၆၅/၃၉၄ အမှုမှ ကျန်ရှိထွက်ပြေး တိမ်းရှောင်နေသည့် တရားခံကျင်စိမ်း (ခ) ကျော်ဝင်းစိန် (၄၁)နှစ် အမှတ်-မရှိ ပတ္တမြားလမ်း ကမ်းနားအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့မရဲစခန်းက (ပ)၇၂၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ အမှုမှတရားခံ မွန်လေး (ခ) လွင်မျိုးသူ (၂၅)နှစ် [၁၀/မဒန(နိုင်)၁၁၀၃၇၄] ကော့ပရံကျေးရွာ မုဒုံမြို့နယ် မွန်ပြည်နယ်တို့အားလည်း အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိသဖြင့် မိဘပြည်သူများကလည်း ကူညီသတင်းပေးကြပါရန်နှင့်တရားခံများ၏ ဓာတ်ပုံ၊ သတင်းပေးနိုင်သည့် ဖုန်းနံပါတ်များဖြစ်သော ၀၁-၂၃၀၀၇၄၇ (ကွပ်ကဲမှုစခန်း)၊ ၀၉-၅၂၄၀၁၁၂ (ရဲမှူး-ဦးစီး)၊ ၀၉-၈၆၀၂၃၆၃ (ရဲမှူး-မှူခင်း)၊ ၀၉-၈၆၀၂၃၈၆ (မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး)၊ ၀၁-၆၃၅၁၄၈ (မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး)၊ ၀၁-၆၃၅၀၇၄ (မင်္ဂလာဒုံမြို့မရဲစခန်း)၊ ၀၉-၈၆၀၂၃၆၉ (တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး) များသို့ သတင်းရရှိပါက ဆက်သွယ်အကြောင်းကြားရန် တိုက်တွန်း မေတ္တာရပ်ခံအပ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးက ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

(စိုးဝင်း-MLA)

သတ်မှတ်ထားသည့် ပင်ရင်းမှတ်ကျောက် (Origin Criteria)နှင့် ကိုက်ညီမှုရှိပါက အကောက်ခွန်သက်သာ/ကင်းလွတ်ခွင့်ရရှိမည်

နေပြည်တော် ဒီဇင်ဘာ ၂၆

သီးသန့် စည်းမျဉ်းကျင့်သုံးမည့် ကုန်စည်စာရင်းမှ ကုန်စည်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ရာ၌ ကုန်စည်အမယ်အလိုက် သတ်မှတ်ထားသည့် ပင်ရင်းမှတ်ကျောက် (Origin Criteria)နှင့် ကိုက်ညီမှုရှိပါက ပင်ရင်းနိုင်ငံထုတ်ကုန်အဖြစ် အကောက်ခွန် သက်သာ/ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အာဆီယံကုန်စည် ကုန်သွယ်ရေးသဘောတူစာချုပ်၏ နောက်ဆက်တွဲသုံးတွဲတွင် အကောက်ခွန်စည်းဝါးညီစနစ်(၂၀၀၇) (Harmonized System-HS2007)ဖြင့် သီးသန့်စည်းမျဉ်း (Product Specific Rules-PSR) ကျင့်သုံးသည့် ကုန်စည်စာရင်းကို ပြုစုထားရှိပြီး ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO)၏ အကောက်ခွန်စည်းဝါးညီစနစ်ကို ငါးနှစ်တစ်ကြိမ်ပြန်လည်သုံးသပ်ပြင်ဆင်ချက်အရ နိုင်ငံတကာတွင် (HS2007)မှ (HS2012)သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်ရာ ယခင် (HS2007)ဖြင့် သတ်မှတ်ကျင့်သုံးလျက်ရှိသည့် သီးသန့်စည်းမျဉ်းကျင့်သုံးမည့် ကုန်စည်များစာရင်း (Product Specific Rules-PSR List)ကို (HS2012)သို့ ကူးပြောင်းချိတ်ဆက်မှုအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာ့ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် အဆိုပါအခွင့်အရေးကို အကျိုးရှိစွာအသုံးချပြီး ကုန်စည်လိုင်းများ၏ သတ်မှတ်ထားသော ပင်ရင်းမှတ်ကျောက်နှင့်အညီ အာဆီယံ အဖွဲ့ဝင်နိုင်ငံများသို့ ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ကုန်စည် ၂၆၅၂ မျိုး စာရင်းနှင့် သက်ဆိုင်ရာပင်ရင်းမှတ်ကျောက်များကို Commerce.gov.mm တွင် ရယူနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(လပြည့်ဝန်း)




ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောက်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လမ်းခင်းကျောက်ရွယ်စုံ(၃၈၉၄) ကျင်းကို သတ်မှတ်စံချိန်စံညွှန်းများဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	- ၂၇-၁၂-၂၀၁၃ရက်
နောက်ဆုံးတင်သွင်းရမည့်ရက်	- ၈-၁-၂၀၁၄ရက်၊ ညနေ ၄း၀၀နာရီ
တင်ဒါဖွင့်မည့်နေ့	- ၉-၁-၂၀၁၄ရက်၊ နံနက် ၁၀း၀၀နာရီ
နေရာ	- အမှတ်(၃၉၃)၊ လေယာဉ်ကွင်းလမ်း၊ လမ်းအထူးအဖွဲ့(၁၆)ရုံး၊ ထားဝယ်မြို့

အသေးစိတ်သိလိုပါက ဖုန်း-၀၅၉-၂၃၈၆၀၊ ၀၅၉-၂၃၉၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံစိစစ်ရေးကော်မတီ

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်



ကိုယ်တွေ့ မျက်မှန်လွတ် စာရေး၊ စာဖတ်နည်း

မြေနီသစ္စာ

၁၉၇၃ ခုနှစ် လွန်ခဲ့သောအနှစ်လေးဆယ်ကာလ။

ကျွန်တော်မျက်မှန်သမား။ မျက်မှန်တပ်မှ စာရေး၍ရသည်။ စာဖတ်လည်း မျက်မှန်နှင့်မှ။ ပိုဆိုးသည်က မျက်မှန်မပါဘဲအဝေးကိုကြည့်လျှင်ကြည့်မကောင်း၊ အားမရ မှုန်ဝါးဝါး။

မျက်မှန်မတပ်ဘဲ ကားလမ်းဖြတ်ကူးလျှင် ကားကိုသဲသဲကွဲကွဲမမြင်ရ၍ ကားတိုက်ခံရနိုင်သည်။ ယင်းကြောင့် အိပ်ချိန်မှအပ အချိန်ပြည့် မျက်မှန်တပ်ထားရသည်။ တကယ့်မျက်မှန်သမားအစစ်။ မျက်မှန်သည် မိမိမျက်လုံး၏ မရှိမဖြစ်အဖော်။ ၁၉၇၃ ခုနှစ်ထိ အနှစ် ၂၀ လုံးလုံးမျက်မှန်တပ်ခဲ့ရသည်။

မှတ်မှတ်ရရ မျက်မှန်ကိုင်း အလွန်ဈေးကြီးသော ၁၉၇၃ ခုနှစ်က မြို့ပတ်ရထားပေါ်မှာ ပြဿနာဖြစ်ပွားခဲ့ခြင်းပင်။

မိမိနေထိုင်ရာကျောက်ရေတွင်း (မရမ်းကုန်းမြို့နယ်)သို့မြို့ထဲကအပြန်မှာ မင်္ဂလာဒုံလော်ကယ်ရထား စီးလာသည်။ ထိုင်ခုံတွေက ယခုလိုဘေးတန်း မဟုတ်။ မျက်နှာချင်းဆိုင်နှစ်ယောက်ထိုင်ခုံတွေ။ မိမိက အဆင်းအတက်လွယ်သော ပြတင်းပေါက်နားက နှစ်ယောက်တွဲထိုင်ခုံမှာ ထိုင်လိုက်လာသည်။

ပါရမီဘူတာအလွန် ရေကူးဘူတာရောက်ဖို့ ကိုက်တစ်ရာသာသာ လောက်မှာ ရထားအပြင်ဘက်ဆီက 'အား'ခနဲ အော်သံကို အလွန်နီးကပ်စွာ ကြားလိုက်ရသည်။ ဟုတ်ပြီ။ မိမိရှေ့ဘက်ရထားပေါ်က တစ်စုံတစ်ယောက် လိမ့်ကျသွားပြီး ထိခိုက်အနာတရရ၍ နာကျင်အော်ဟစ်လိုက်ခြင်းဖြစ်မည်ဟု မိမိထင်သွားမိသည်။

မိမိသိပ်မြန်သည်။ (ထိုင်လိုက်လာသောရထားပေါ်မှနေ၍) စိုးရိမ်တကြီး ဖြင့် အပြင်ဘက်ကို ခေါင်းပြူထွက်ကြည့်လိုက်သည်။

မိမိမြန်သလို ရထားအဆင်းအတက်အပေါက်ဝမှ လက်တစ်ဖက်က လည်း သိပ်မြန်သည်။ ယင်းလက်သည် မိမိမျက်နှာပေါ်က မျက်မှန်ဆီသို့ စက္ကန့်ပိုင်းအတွင်းရောက်လာသည်။ ယင်းလက်သည် တပ်ထားသော မိမိမျက်မှန်ကို ဖျတ်ခနဲဖြုတ်ယူသည်။ ကြာမြင့်ချိန် ခုနစ်စက္ကန့်ထက်မပို။ အမှန်ပင်။ ရထား အဆင်းအတက် တံခါးပေါက်ဝတွင် ရပ်လိုက်လာသော မျက်မှန်ဖြုတ်သမား လက်ထဲသို့ မိမိမျက်မှန်ပါသွားခဲ့လေပြီ။

စင်စစ် မျက်မှန်ဖြုတ်သူသည် ရထားအဆင်းအတက်အစမှနေ၍ မိမိကို မြှူဆွယ်လိုက်ခြင်းဖြစ်သည်။ "အား"ခနဲအော်သံကြားလျှင် စိုးရိမ်တကြီးဖြင့် မိမိထွက်ကြည့်မည်ကို သူကြိုတင်တွက်ဆထားသည်။

ယင်းမှာ သူဆင်သောခွင်ထဲသို့ မိမိတိမ်းညွတ်တိုးဝင်မှုသည် မစူးစမ်း မဆင်ခြင်နိုင်ဘဲ ဝင်သွားတော့ရာ ယင်းမှာပင် မိမိမျက်မှန်ပါသွားရတော့ သည်။

သူကလျင်သည်။ ကျွမ်းကျင်သည်။ အထူးလေ့ကျင့်ထားပုံပင်။ တစ်နာရီ မိုင် ၂၀ နှုန်း အရှိန်ယူခုတ်မောင်းနေသော ရထားပေါ်ကနေ မြေပြင်ပေါ်သို့ ကြောင်တစ်ကောင်အလား သွက်လက်ပေါ့ပါးစွာ ခုန်ချသွားသည်။

အံ့အားသင့် အံ့သြရင်း မှင်တက်မိ ကြောင်ကြည့်နေမိသော မိမိကိုပင် မချင့်မရဲဖြစ်အောင် မြေပြင်ရောက် မျက်မှန်ဖြုတ်သူက တာ့တာ့ဟု အသံပေး လက်ပြနှုတ်ဆက်သွားသေး၏။

မိမိမျက်နှာပေါ်မှာ မျက်မှန်မရှိတော့သည်နှင့် ဖျတ်ခနဲသတိရလိုက်မိ သည်က မျက်စိအထူးကုဆရာဝန် ဒေါက်တာချမ်းအေးလွင် (ထိုစဉ်က ပြန်ကြား ရေးဝန်ကြီး ဗိုလ်မှူးကြီးလွင်၏သား စာရေးဆရာကြီး သခင်မြသန်း၏ညီ) မိမိ၏ဆွေရင်းအဖော်ပင်။ ဒေါက်တာချမ်းအေးလွင်နှင့် ညနေတိုင်းလိုလို မိမိတို့ဆုံလေ့ရှိသည်။ ယင်းဆုံရပ်က အမှတ် (၁၁၁) ၃၃ လမ်း ပထမထပ်ရှိ ရုပ်ရှင်ဒါရိုက်တာတင်အောင်မြင့်ဦး၏ မော်လမြိုင်ရုပ်ရှင်ရုံးခန်းမှာ။

ယင်းမှာ မိမိသည် ကျောက်ရေတွင်းအိမ်သို့ မပြန်တော့ဘဲ ရေကူးဘူတာက နေ၍ ရန်ကုန်သွားရထားကို ပြန်စီးသည်။ ဘူတာကြီးက ဆင်းလျှောက်တော့ မော်လမြိုင်ရုပ်ရှင်ကို ရောက်သည်။ မျက်မှန်တပ်နေကျက မျက်မှန်မပါတော့၍ မြို့ထဲက မျဉ်းကျားသုံးခုအကူအညီဖြင့် သတိကိုမိခင်ပြု၍ သွားခဲ့ရသည်။

မော်လမြိုင်ရုပ်ရှင်မှာ ဒေါက်တာချမ်းအေးလွင်ကို ဒါရိုက်တာတင်အောင် မြင့်ဦးနှင့်အတူ တွေ့သည်။ ဖြစ်ပုံကို ပြောပြလိုက်တော့ ချစ်စရာကောင်းသော ချမ်းအေးလွင်က ကြင်နာကရုဏာသက်စွာ အားပေးစကားပြောသည်။

"ဒါအပျက်ထဲက ဖြစ်ထွန်းလာတဲ့။ ကိစ္စကောင်းပဲ။ အခု မျက်မှန်ကိုင်း သိပ်ဈေးကြီးနေတယ်။ မျက်မှန်တပ်မနေနဲ့တော့။ ရာသက်ပန်မျက်မှန်လွတ်၊ စာရေး၊ စာဖတ်နည်းရှိတယ်။ စမ်းကြည့်၊နည်းကဒီလို"။

ဒေါက်တာချမ်းအေးလွင်ပေးသောနည်းက ရိုးသည်။ လွယ်သည်။ ရှင်းသည်။ သို့သော် အချိန်တော့ပေးရသည်။ သစ်ရွက်စိမ်းစိမ်းတို့ကို နေ့စဉ်ငါးနာရီ ကြာမျှ လေးပတ်တိတိ ကြည့်ရမည်။ ယင်းလေးပတ်အတွင်း ညအိပ်တိုင်း ကွမ်းရွက်စိမ်းတစ်ရွက်စီကို မျက်လုံးပေါ်ဖောက်ပြီး မျက်လုံးနှစ်လုံးစလုံးမှာ ကပ်၍ အိပ်ရမည်။ အိပ်ရာက နိုးလျှင် ကွမ်းရွက်တွေကိုခွာ၍ ရေသန့်ထဲတွင် မျက်လုံးကို ဖွင့်ချည်ပိတ်ချည် သုံးမိနစ်ကြာ ဆေးကြောရမည်။

မိမိနေထိုင်ရာ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းခြံက ပေတစ်ရာပတ် လည်ကျယ်သည်။ အိမ်နှင့်ပေနှစ်ဆယ်အကွာ အိမ်လေးဖက်လေးတန်မှာ ရွက်စိမ်းပင်ကြီးတွေက အစီအရီ။ ခြံစည်းရိုးပတ်လည်မှာလည်း ဇီဇဝါပင် စိမ်းစိမ်းတွေက စိမ်းသရဖူဆောင်းနေသည်။

ဒေါက်တာချမ်းအေးလွင်က တစ်နေ့ငါးနာရီကြည့်ပါဟု ပြောသော်လည်း မိမိသည် ထမင်းစားချိန်၊ အိပ်ချိန်၊ ရေချိုးချိန်တို့မှအပ သစ်ရွက်စိမ်းစိမ်းတွေ ကို တစ်နေ့ ခြောက်နာရီထက်မနည်းကြည့်သည်။ ညအိပ်လျှင်လည်း အပေါက် ဖောက်ထားသော ကွမ်းရွက်ကိုမျက်လုံးမှာကပ်အိပ်သည်။

ယင်းကာလမှာ လုံးဝစာမဖတ်၊ စာမရေးပါ။ ဆန်းကြယ်အံ့မှားဖွယ်ပင်။ သက်မှတ်ရက် ၂၈ ရက်ပြည့်ပြီးချိန်မှာ စာစမ်းဖတ်ကြည့်သည်။ ယခင် မျက်မှန် တပ်ပြီး စာဖတ်ရသလို ထင်ထင်ရှားရှား ပီပီသသပင်။ စာစမ်းရေးကြည့်သည်။ အောင်မယ်ဖြောင့်လို့၊ ယခင်အတိုင်း သွက်မှသွက်။ ငါဟဲ့ယောကျ်ားဟု လက်ခမောင်းမခတ်ရုံ တမည်ပင်။

ယခု မျက်မှန်မတပ်ဘဲ မိမိစာရေးစာဖတ်နေသည်မှာ နှစ်လေးဆယ် ပြည့်ပြီး၊ သို့သော် သစ်ရွက်စိမ်းစိမ်းတွေကို တစ်နေ့တစ်နာရီကြာကြာ ကြည့်ရ ဆဲ။ စိမ်းပေ့ဆိုသော ကွမ်းသီးပင် ခုနစ်ပင်စိုက်ထားရဆဲ။

သိပ်ပျော်သွားသည်။ ချမ်းအေးလွင်ကျေးဇူးတွေ၊ ကျေးဇူးတွေ။ ယခု မိမိ၏ ကိုယ်တွေ့ မျက်မှန်လွတ်စာရေး၊ စာဖတ်နည်းပါ၊ လေ့ကျင့်ကြည့်ကြစေချင် သည်။ တကယ်လုပ်က အဟုတ်ဖြစ်မည်ပင်။

တောင်သူလယ်သမားများလက်ဝယ်သို့ ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာရောက်ရှိရေး ဆောင်ရွက်ပေး

နေပြည်တော် ဒီဇင်ဘာ ၂၆

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ခံသည့် ၎င်းတို့ သတ်မှတ်ပေးသော အဖွဲ့အစည်း (Authorized Dealers) များသို့ ရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၁ ရက်မှ ၁၆ ရက်အထိ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တန် ၁၅၀၀၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ၁၄၃၇ တန်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တန် ၃၅၅၀ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

အဆိုပါပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် ၎င်းတို့ တာဝန်ခံမည့် အဖွဲ့အစည်း (Authorized Dealers) များမှတစ်ဆင့် တောင်သူများလက်ဝယ်သို့ ဈေးနှုန်းချိုသာစွာ ရောက်ရှိရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံဘဏ်ခွဲ စတင်ဖွင့်လှစ်

ဖျာပုံ ဒီဇင်ဘာ ၂၆

ကမ္ဘောဇဘဏ်လီမိတက်၏ ၁၃၂ ခုမြောက်ဘဏ်ခွဲဖြစ်သော ဖျာပုံဘဏ်ခွဲကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ အမှတ်(၆၄) ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး အမှတ်(၅) ရွာလယ်ကျောင်းရပ်ကွက်တွင် ဒီဇင်ဘာ ၂၄ ရက်က စတင်ဖွင့်လှစ်လိုက်ပြီး ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများဖြစ်သော စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ၊ ချေးငွေများ၊ ငွေလွှဲခြင်း၊ ငွေပေးအမိန့်လက်မှတ်များ ရောင်းချ လဲလှယ်ပေးခြင်းနှင့် အခြားသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ တပ်ကုန်းဘဏ်ခွဲကိုလည်း နေပြည်တော် တပ်ကုန်းမြို့ရှိ အမှတ်(၉၈) အောင်ဇေယျရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် ဒီဇင်ဘာ ၂၀ ရက်က စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။ **(သီဟထွန်း)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၁၂-၂၀၁၃ (သောကြာနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၈း၁၀	စိုက်ပျိုးသုတ
၈း၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၂၀	သူနှင့်သူ၏သီချင်းများ
၄း၃၅	ဇာတ်လမ်းတို
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	လည်မယ်---စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၁၀	" ရွာ" ဟာသဇာတ်လမ်းတွဲ (အပိုင်း-၂၃၀) (ဒါရိုက်တာ-မိုးဇော်ကို)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းပန်လျက်ပါ (အပိုင်း-၇)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -သံစဉ်များနှင့်ကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်ထဲကချစ်ခြင်း" (အပိုင်း-၃) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂုဏ်ရည်မတူ"(ဒုတိယတွဲ) (အပိုင်း-၇၆)

အစည်းအဝေးဖိတ်ကြားခြင်း

ယခင် ဗိုကျုံး အ-ထ-က(၃) ကြည့်မြင်တိုင် ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ကော်မတီဖွဲ့စည်းရန် အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၂ နာရီ
ကျင်းပမည့်နေရာ - အ-ထ-က (၃)၊ ကြည့်မြင်တိုင်

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်



လေလံကြော်ငြာ

၁။ တပ်မတော်(ရေ)တွင် အသုံးမပြုတော့သည့် ရန်နိုင်ရေယာဉ်(၄၀၄)၊ (၅၀၆)နှင့် (၅၁၂)တို့အား အောက်ပါအတိုင်း လေလံတင်ထုခွဲရောင်းချမည် ဖြစ်ပါသည်။

(က) ပစ္စည်းတည်ရှိရာနေရာ - ရန်နိုင်(၄၀၄)၊ အမှတ်(၄၇)၊ ရေတပ်အခြေစိုက်စခန်း၊ (မလိကျွန်း) တနင်္သာရီရေတပ်စခန်းဌာနချုပ်၊ ကျွန်းစုမြို့နယ်။ ရန်နိုင်(၅၀၆)၊ အမှတ်(၅၆)စစ်ရေယာဉ်စု၊ တနင်္သာရီရေတပ်စခန်းဌာနချုပ်၊ ကျွန်းစုမြို့နယ်။ ရန်နိုင်(၅၁၂)၊ အမှတ်(၁၇)ရေတပ်အခြေစိုက်စခန်း(ကျောက်ထနောင်း) တနင်္သာရီရေတပ်စခန်းဌာနချုပ်၊ ကျွန်းစုမြို့နယ်။

(ခ) လေလံတင်ရောင်းချမည့် ရက်/အချိန် - ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် ၉း၀၀ နာရီ။

(ဂ) လေလံတင်ရောင်းချမည့် နေရာ - ဟောပြောခန်းမ၊ ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဃ) လေလံလျှောက်လွှာ ရောင်းချမည့်နေရာ - ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ အထက်ပါရေယာဉ်များအား စိတ်ဝင်စားသူများသည် ၂၇-၁၂-၂၀၁၃ ရက်မှစ၍ ၂-၁-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရေတပ်ပင်မပစ္စည်းထိန်းတပ်နှင့် တယ်လီဖုန်းနံပါတ် (၀၃၁-၃၁၈၈၇)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကံမမြို့၌ ရွှေတံဆိပ်ဆုရရှိသူအား ကြိုဆိုဂုဏ်ပြု

ကံမ ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့၌ ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီခွဲက (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့လိုက် အာဆီယံ စစ်တုရင် အမြန်ရွှေ့ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူ၍ နေပြည်တော်မှ ကံမမြို့သို့ ပြန်လည်ရောက်ရှိလာသူ မစိုးမိုးခိုင်အား ဂုဏ်ပြုသောအားဖြင့် ဒေသခံများက အကအခုန်ဒိုးပတ်ဝိုင်းများဖြင့် ကြိုဆိုခဲ့ကြသည်။ အဆိုပါ ရွှေတံဆိပ်ဆုရရှိသူ မစိုးမိုးခိုင်သည် ကံမမြို့နယ်ကိုယ်စားပြုလျက် ခရိုင်၊ တိုင်းဒေသကြီး၊ နိုင်ငံတော်အဆင့်စစ်တုရင်ပြိုင်ပွဲများတွင် ဆုများအသီးသီး ရရှိ၍ နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်ခြင်းခံရပြီး စခန်းသွင်းလေ့ကျင့်ခြင်းကိုခံယူကာ တိုင်းပြည်အတွက် ရွှေတံဆိပ်ဆုကိုဆွတ်ခူးရယူပေးခဲ့သူ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတစ်ဦးဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ် တစ်လအတွင်း ၁၀ ဂိုးသွင်းနိုင်သည့် ပထမဆုံးကစားသမားဖြစ်လာ

လီဗာပူးအသင်း၏ ကွင်းလယ်ကစားသမား လူးကက်စ်အနေဖြင့် ပရီမီယာလိဂ်၏ လက်ကျန်ပွဲစဉ်များနှင့် စပ်လျဉ်း၍ သတိပေးပြောကြားခဲ့ပြီးနောက် တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်သည်လည်း ယခုထက်ပိုမိုစွမ်းဆောင်ရည် ပြည့်ဝသည့် ကစားသမားဖြစ်လာနိုင်ကြောင်းပြောကြားခဲ့သည်။

လူးဝစ်ဆွာရက်ဇ်သည် ပြီးခဲ့သည့်ရာသီမှစတင်ကာ ပွဲပယ်ပြစ်ဒဏ် ၁၀ ပွဲကျခံခဲ့ရသော်လည်း ယင်းပွဲပယ်ပြစ်ဒဏ်မှ ပြန်လည်ကစားလာနိုင်ချိန်တွင်လည်း ယခင်က ကစားခဲ့သည့်စွမ်းဆောင်ရည် ကျဆင်းခြင်းမရှိဘဲ လီဗာပူးအသင်းအားခရစ္စမတ်ကာလတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ဦးဆောင်နိုင်ရေးအတွက် လိဂ်ပြိုင်ပွဲ ၁၂ ပွဲကစားခဲ့ပြီးနောက် ၁၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

ထို့အပြင် ဥရုဂွေးကြယ်ပွင့် လူးဝစ်ဆွာရက်ဇ်သည် ဒီဇင်ဘာလအတွင်း ပရီမီယာလိဂ်၏စံချိန်သစ်တစ်ရပ်တင်နိုင်ခဲ့ပြီး၁၉၉၂ ခုနှစ်မှစတင်ကာ တစ်လတာကာလအတွင်း ၁၀ ဂိုးအထိသွင်းယူနိုင်စွမ်းရှိသည့် ပရီမီယာလိဂ်ပထမဆုံးကစားသမားတစ်ဦး ဖြစ်လာခဲ့သည်။

တိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ်သည် အသင်းအတွက် အနိုင်ဂိုးများကိုသွင်းယူပေးနိုင်ခဲ့သည့်အပြင် အသင်းခေါင်းဆောင်စတီဗင်ဂျာရတ်ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့သည့်ပွဲစဉ်များတွင် အသင်းခေါင်းဆောင်တာဝန်ကိုပါ ထပ်မံထမ်းဆောင်ခဲ့ရသည်။ လူးဝစ်ဆွာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီ၏ ပထမဆုံးပရီမီယာလိဂ် ပွဲစဉ် ငါးပွဲတွင် ပွဲပယ်ခံထားရပြီး ပါဝင်ကစားခွင့်ရရှိလာချိန်တွင် ၁၉ ဂိုးအထိ သွင်းယူလာနိုင်ခြင်းကြောင့် စီရိုနယ်လ်ဒို၊ မက်ဆီစသည့် ကစားသမားများ၏အဆင့်ရှိကြောင်းနှင့် လက်ရှိတွင် ဆွာရက်ဇ်သည် ကမ္ဘာတွင် အကောင်းဆုံး ကစားသမား ငါးဦးစာရင်းဝင်ဖြစ်နေကြောင်း လီဗာပူးကွင်းလယ်ကစားသမား လူးကက်စ်ကပြောကြားခဲ့သည်။

ငွေကြယ်

ဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ရီးယဲလ်မက်ဒရစ်တွင်ရှိစဉ်က ၎င်းလက်အောက်တွင် ကစားခဲ့သော ယခုလက်ရှိ နာပိုလီအသင်းတွင် ကစားလျက်ရှိသည့် အာဂျင်တီးနားတိုက်စစ်မှူး ဟီဂွအင်အား ဇန်နဝါရီအပြောင်းအရွှေ့တွင် ပေါင် ၄၈ သန်းဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်းသိရသည်။
- မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်သည် ဒေါ့မွန်ကွင်းလယ်ကစားသမား မာကိုရုစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ၎င်းအားခေါ်မည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ကုန်ကျမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- အဲဗာတန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်သည် အသက် (၃၂)နှစ်အရွယ်ရှိ မန်စီးတီးကွင်းလယ်ကစားသမား ဂါရတ်ဘယ်ရီအား အမြဲတမ်းစာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ရေး ပွင့်လင်းစွာဆွေးနွေးရန် ယခုနှစ်ဘောလုံးရာသီကုန်အထိ စောင့်ရဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမားကာဘာရီအား ခေါ်ယူမည်ဆိုပါက ပေါင် ၂၂ သန်းသာပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။
- မန်စီးတီးအသင်း၏ အားထားရသော ကစားသမားနှစ်ဦးဖြစ်သည့် ယာယာတိုရေးနှင့် အဂူရိုတို့သည် ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီအား မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာရန်တောင်းဆိုခဲ့ကြောင်း သိရသည်။

ဂီတလောကမှ အမှန်တကယ်အနားယူတော့မည်လား ဘီဘာ...

အသက်ငယ်ငယ်ဖြင့် ကမ္ဘာ့ဂီတလောကကိုထိုးဖောက်ကာ ဆယ်ကျော်သက်ပရိသတ်များ၏ အာရုံစိုက်မှုနှင့် အထူးအားပေးမှုများ ရရှိလာခဲ့သူ ကနေဒါကြယ်ပွင့် ဂျက်စတင်ဘီဘာက ၎င်းသည် ဂီတလောကမှ တရားဝင် အနားယူတော့မည်ဖြစ်ကြောင်း ခရစ္စမတ်အကြိုတစ်ရက်တွင် ၎င်း၏ တွစ်တာစာမျက်နှာမှ တစ်ဆင့် ကြေညာထားခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၅ ရက်က ထွက်ရှိခဲ့သည့် ဘီဘာ၏ Justin Bieber's Believe အတ္ထုပ္ပတ္တိဇာတ်ကား မထွက်ရှိမီ တစ်ရက်တွင် အဆိုပါကြေညာချက်ကို ကြေညာခဲ့ခြင်းဖြစ်ပြီး ပရိသတ်များအနေဖြင့် ယင်းကြေညာချက်သည် အမှန်တကယ်လေးလေးနက်နက် ကြေညာခဲ့ခြင်းလော၊ နောက်ထပ်ဇာတ်ကားရိုက်ကူးရန်အတွက် လှည့်ကွက်လေလောဟု သံသယဖြစ်သူများလည်းရှိကြောင်း သိရသည်။

ထို့အပြင် ဘီဘာသည် ၎င်း၏ မီးရောင်စုံများအောက်က အောင်မြင်မှုများကို အဆုံးသတ်ရန်အချိန်တန်ပြီဖြစ်ကြောင်း ဖော်ပြချက်ကိုလည်း အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ ရေဒီယိုဌာနတစ်ခုမှ လွှင့်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ထပ်ကာထပ်ကာ ကြေညာပေးခြင်းများလည်းရှိကြောင်းသိရသည်။



ဂီတကို မြတ်နိုးစွာဖြင့် အနုပညာရှင်တစ်ဦးအဖြစ် ရှင်သန်လိုသည့် ဆယ်ကျော်သက်ကြယ်ပွင့် ဂျက်စတင်ဘီဘာ၏ အဆိုပါဖွင့်ဟမှုသည် ၎င်း၏ဂီတပရိသတ်ပေါင်းများစွာအတွက် ဝမ်းနည်းကြေကွဲမှုများ ဖြစ်စေခဲ့ကြောင်းနှင့် ပရိသတ်များကလည်း ဘီဘာထံသို့ ဝမ်းနည်းကြောင်းစာလွှာများ တွစ်တာစာမျက်နှာမှတစ်ဆင့် ပေးပို့ခဲ့ကြကြောင်း သိရသည်။

မျိုးစန္ဒာမောင်

ယာဉ်နှစ်စီးဘေးချင်းတိုက်မိ၍ ခုနစ်ဦးဒဏ်ရာရ

နေပြည်တော် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်း သန်လျင်မှ ရန်ကုန်သို့ တွံတေးမြို့နယ် ညောင်ဝိုင်းရပ်ကွက်နေ ဖြိုးတေဇာလင်း(၂၂)နှစ်မောင်းနှင်လာသည့် 3E/---- Probox Taxi ယာဉ်သည် စီးပွားရေးဘဏ်ရှေ့အရောက် မျက်နှာချင်းဆိုင် ရန်ကုန်မှ သန်လျင်သို့ ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက်နေ မြတ်ထွဋ်ဝင်း (၃၈)နှစ်မောင်းနှင်လာသည့် ၆င/---- ကင်တာအငှားယာဉ်နှင့် လမ်းလယ်မျဉ်းပေါ်တွင် ဘေးချင်းပွတ်တိုက်မိကာ ကင်တာအငှားယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယဉ်ပေါ်တွင် လိုက်ပါလာသော ကျော်လွင်ဦး(၄၈)နှစ်ပါ ခုနစ်ဦးတို့တွင် ဖူးရောင်ပေါက်ပြဲ နာကျင်ဒဏ်ရာများ ရရှိခဲ့သဖြင့် သန်လျင်ဆေးရုံသို့တင်ပို့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ဖြိုးတေဇာလင်းနှင့် မြတ်ထွဋ်ဝင်းတို့နှစ်ဦးအား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

(ရဲပြန်ကြား)

စိတ္တရမဟီရပ်ကွက်အတွင်း သေနတ်နှင့် ကျည်ခြောက်တောင့် သိမ်းဆည်းရမိ

မန္တလေး ဒီဇင်ဘာ ၂၆

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်နေ ဦးစိုးတင့်နိုင်(၄၇)နှစ်နှင့် ၎င်း၏အစ်ကို ဦးသက်နောင်(၅၆)နှစ်တို့သည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ချမ်းအေးသာစံမြို့နယ် နယ်မြေရဲစခန်း(အမှတ်-၃)သို့ ရောက်ရှိလာပြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ယာဉ်ပျံရပ်နေ ဒေါ်ထူးထူး(၅၂)နှစ်၏ ပြောပြချက်အရ ၎င်း၏ ခင်ပွန်း ဦးဌေးဦးမော်(၇၂)နှစ် ILBC သမိုင်းဘာသာရပ်ဆရာ(ယခင် တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်မြို့နယ်ပါတီယူနစ် အတွင်းရေးမှူး)သည် ဒီဇင်ဘာ ၁၁ ရက်က ဆီးချိုရောဂါဖြင့် နေအိမ်တွင်သေဆုံးသွားခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် ဒေါ်ထူးထူးမှ ဦးဌေးဦးမော်၏ သံသေတ္တာအား ရှင်းလင်းရာ သေနတ်တစ်လက်တွေ့ရှိကြောင်း၊ ရဲစခန်းသို့ သတင်းပို့ပေးရန်ပြောပြ၍ လာရောက်သတင်းပို့ခြင်းဖြစ်ကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

မြို့နယ်ရဲမှူး(ချမ်းအေးသာစံ)ရဲမှူးအုန်းခင်၊ နယ်မြေရဲစခန်း(အမှတ်-၃)စခန်းမှူး ရဲအုပ်ထိုက်လင်းစိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူ ဦးဌေးဦးမော်၏ နေအိမ်အပေါ်ထပ် အိပ်ခန်း ခုတင်ခြေရင်းရှိ သံသေတ္တာအတွင်း သော့ပိတ်ထားသော Lucky Strike တံဆိပ်ပါ နီညိုရောင်သားရေအိတ်ငယ်အတွင်း၌ သေနတ်ဒင်တွင် Colt စာတန်းပါ ခြောက်လုံးပြူး ကိုယ်ထည်အမှတ် 142046 C1 အရှည် ၆ ဒသမ ၅ လက်မခန့်ရှိ စတီးရောင်သေနတ်တစ်လက်၊ ၎င်းသေနတ်အတွင်း အရှည် ၁ ဒသမ ၂ လက်မခန့်ရှိ ကျည်ခြောက်တောင့်တို့တွေ့ရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

သိမ်းဆည်းရမိသော သေနတ်နှင့် ပတ်သက်၍ ဒေါ်ထူးထူးအား မေးမြန်းရာ ခင်ပွန်းဦးဌေးဦးမော်မှာ သေနတ်လက်ဝယ်ထားရှိခြင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောကြားဖူးခြင်းလည်း မရှိကြောင်း၊ ခင်ပွန်းသေဆုံးပြီးမှသာ ၎င်း၏ သေတ္တာအတွင်း ဖွင့်ကြည့်၍ သေနတ်တွေ့ရှိသဖြင့် ရဲစခန်းသို့ သတင်းပို့ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သေနတ်လက်ဝယ်တွေ့ရှိမှုနှင့် ပတ်သက်၍ အထောက်အထားရှိ/မရှိ မသိရှိကြောင်း ထွက်ဆိုခဲ့သဖြင့် အခြားနေရာများသို့ သေနတ်နှင့်ပတ်သက်သော အထောက်အထားရှာဖွေသော်လည်း တစ်စုံတစ်ရာ မတွေ့ရှိခဲ့ကြောင်း၊ ရဲစခန်းမှတ်ပုံတင်(၁)တွင်လည်း အဆိုပါသေနတ်နှင့်ပတ်သက်၍ မှတ်တမ်းမရှိကြောင်းနှင့် သိမ်းဆည်းရမိသေနတ်နှင့် ကျည်တို့အား နယ်မြေရဲစခန်း(အမှတ်-၃) လက်နက်စတိုတွင် သိမ်းဆည်းထားရှိကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

(သီဟကိုကို-မန္တလေး)

ကြုံတင်ယာဉ်နောက်ဆုတ်ရာက အိပ်ပျော်နေသည့်ယာဉ်နောက်လိုက် ကြိတ်မိပြီးသေဆုံး

ပေါက်ခေါင်း ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အင်ငါးခွသကြားစက်ဝင်းအတွင်း၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၆ နာရီက ကြံများတင်ထားသည့် လီဖန်းခေါင်းရှည်ဖောကား(အပြာရောင်) ၉၄/---- ယာဉ်ကို ယာဉ်မောင်း ဇော်မင်းထက်(၂၅)နှစ် ပေါက်ခေါင်းမြို့နယ်နေသူက နေရာရွှေ့ရန်နောက်ဆုတ်စဉ် အဆိုပါ ယာဉ်အောက်တွင် အိပ်ပျော်နေသော ယာဉ်နောက်လိုက်ဖြစ်သူ ကျော်မင်းနိုင်(၂၀)နှစ် ဝါးရုံပင်လယ်ကျေးရွာ ပေါက်ခေါင်းမြို့နယ်နေသူကို ယာဉ်၏ယာဘက် နောက်ဘီးဖြင့် နင်းကြိတ်မိပြီး ကျော်မင်းနိုင်၏ ယာဘက်ပေါင်နှင့် ဝမ်းဗိုက်ပြတ်ဒဏ်ရာရရှိကာ သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်မင်းထက်အား ပေါက်ခေါင်း မြို့မရဲစခန်းက ယာဉ်(ပ) ၈/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က ဖြင့်အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၅၇၈)

ဘုရားဖူးလာသူ လိပ်ကန်အတွင်းသို့ပြုတ်ကျ

မန္တလေး ဒီဇင်ဘာ ၂၆

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် မဟာမုနိဘုရားကြီးသို့ ဘုရားဖူးလာသူ ရဲဖြိုးလတ်၊ မခိုင်ခိုင်ရွှေ၊ မဝေဝေစိုးတို့သည် ဒီဇင်ဘာ ၂၄ ရက်မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ဘုရားကြီးအားဖူးမြော်ပြီး အရှေ့ဘက်မုခ်တောင်ဘက်ခြမ်းရှိ လိပ်ကန်လက်ရမ်းပေါ်တွင် လက်ထောက်၍ လိပ်များကြည့်နေစဉ် မခိုင်ခိုင်ရွှေ(၂၃)နှစ်သည် လက်ချော်၍ လိပ်ကန်အတွင်း ပြုတ်ကျခဲ့သဖြင့် အဖော်ဖြစ်သူရဲဖြိုးလတ်(၂၈)နှစ်မှဆယ်ယူကာ မဟာမုနိရဲကင်းမှူး ဒုရဲအုပ်စိုးနိုင်ထွန်းက ရှေးဦးသူနာပြုနည်းဖြင့် ပြုစုပေးပြီး ကျန်းမာရေး ကောင်းမွန်သဖြင့် ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန်အတွက် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

ရန်ကင်း၌ နှစ်လုံးထီရောင်းချသူနှစ်ဦးအား ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကင်းမြို့နယ်(၈)ရပ်ကွက် နှင်းဆီလမ်းနေ မတင်တင်အေး (၄၃)နှစ်၏ နေအိမ်သို့ ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီခွဲက ရဲအုပ်ဟန်မျိုးအောင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အိမ်နောက်ကွပ်ပျစ်ပေါ်၌ မတင်တင်အေးနှင့် ဇော်ဝင်း(၄၄)နှစ်တို့အား နှစ်လုံးထီလောင်းကစားနေစဉ် တွေ့ရှိရပြီး နှစ်လုံးဂဏန်းနှင့် ငွေတန်ဖိုးများရေးထားသော ဘောက်ချာစာအုပ်သုံးအုပ်၊ ဂဏန်းပေါင်းစက် တစ်လုံး၊ မင်ပြာသုံးချောင်း၊ လက်ကိုင်ဖုန်း တစ်လုံး၊ လောင်းကြေးငွေရောရာ ငွေကျပ် ၁၁၀၂၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား ရန်ကင်းမြို့မစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၃၁)

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

အဆောက်အအုံဆောက်လုပ်နေစဉ် လုပ်သားလေးဦးဓာတ်လိုက်ခံရ၍ သုံးဦးသေဆုံး

ရေစကြို ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မအူချေးရွာခေါ် ကမ်းနားရွာတွင် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက အိမ်ရှင်ဦးစိုးဝေ(၆၀)နှစ်၊ လုပ်သား ကိုထွန်းမြင့်(၄၃)နှစ်၊ ကိုအောင်(၁၈)နှစ်နှင့် ကိုအောင်ကို(၂၅)နှစ်တို့ တိုက်ဆောက်လုပ်ရာ စည်းမျဉ်းတိုင်ထူရန် သံပင်များစိုက်ထူကြစဉ် အထက်တွင် သွယ်တန်းထားသော လျှပ်စစ်ကြေးနန်းကြိုးကိုထိမိပြီး လေးဦးစလုံးဓာတ်လိုက်ခံရသည်။ ၎င်းတို့အား မအူတိုက်နယ်ဆေးရုံသို့ ချက်ချင်းပို့ဆောင်ကုသခဲ့သော်လည်း ကိုအောင်ကိုသာ အသက်ရှင်ကျန်ရစ်ပြီး ကျန်သုံးဦးစလုံးမှာ သေဆုံးသွားခဲ့ကြောင်း၊ ယင်းအမှုကို မအူတိုက်နယ်ရဲစခန်းက သေမှုသေခင်းအဖြစ် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကျော်ငွေ-ငွေရည်ဆန်း)

လက်တောက်ခုံ(ဇယ်ခုံ) ဇယ်တောက်ရာမှ စကားများ၍ လူသတ်မှုဖြစ်

ပျဉ်းမနား ဒီဇင်ဘာ ၂၆

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင် (၂)ရပ်ကွက်တွင် လက်တောက်ခုံ(ဇယ်ခုံ) ဇယ်တောက်ရာမှ တစ်ယောက်တစ်ခွန်းစကားများခဲ့သည်ကို မကျေနပ်၍ မောင်နှမသုံးဦးက ဝိုင်းရိုက်၊ ဓားနှင့်ထိုးသဖြင့် သေဆုံးခဲ့သော လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၅ ရက် ည ၉ နာရီခွဲက ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက် ညောင်ပင်လမ်းနယ်မြေ(၄)နေ မဝေနှင်းအောင်(၂၆)နှစ် (ကွမ်းယာရောင်း)သည် ၎င်း၏အိမ်ရှေ့ကွမ်းယာဆိုင်၌ ကွမ်းရောင်းနေစဉ်တစ်ရပ်ကွက်တည်းနေ မသဲမာ(၂၄)နှစ်၊ ဇော်အောင်(၂၁)နှစ်၊ မဲလုံး(၁၉)နှစ် မောင်နှမသုံးဦးရောက်ရှိလာပြီး မဝေနှင်းအောင်၏ ဆိုင်ရှေ့တန်းလျားတွင် ထိုင်နေသော အတူနေ ဦးလေး ဦးဝင်းနု(၅၅)နှစ် (တောင်သူ)နှင့် ဇော်အောင်မှာ ဦးဝင်းနု၏အိမ်တွင် လက်တောက်ခုံ(ဇယ်)တောက်ရာမှ တစ်ယောက်တစ်ခွန်းစကားများခဲ့သည်ကို မကျေနပ်သဖြင့် ဦးဝင်းနုအား မသဲမာနှင့် မဲလုံးတို့က တုတ်ဖြင့်ရိုက်ကာ ဇော်အောင်က ဓားနှင့်ထိုး၍ ဦးဝင်းနု၏ ဦးခေါင်းထိပ်ပေါက်ပြဲ၊ ဝဲမေးရိုးအပေါ်ပေါက်ပြဲ၊ လည်ပင်းထိုးသွင်းဒဏ်ရာ၊ ဝဲယာရင်အုံပေါက်ပြဲ၊ ဝဲလက်မောင်း ပြတ်ရှဒဏ်ရာများ ရရှိ၍ ဆေးရုံသို့တင်ပို့စဉ် သေဆုံးခဲ့သဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သူဇာလှိုင်-စက်မှု)

မင်္ဂလာဆုတောင်း

ဒေါက်တာဇော်ဝင်းထွန်း **M.B.,B.S(YGN)**

နှင့်

ဒေါက်တာချောစုလွင်(ခ) **CATHERINE CHAW YANG**
B.Sc,BIOLOGY
(UNIVERSITY OF SOUTH FLORIDA U.S.A)

တို့၏ ၂၆-၁၂-၂၀၁၃ရက်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် သာယာပျော်ရွှင်သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးမျိုးညွန့်-ဒေါ်စန်းစန်းရီ
သား-ယုံယုံ(ခ)**ALBERT**
NEW YORK (U.S.A)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ်(၄၈၃)၊ ခေမာသီရိလမ်းနေ (ဦးလွန်းမောင်)-ဒေါ်ခင်စန်းတို့၏သားထွေး မောင်မျိုးမင်းအောင် နှင့် ရန်ကုန်မြို့၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၄၃)၊ ၅လွှာနေ (ဦးခင်ဇော်)-ဒေါ်ဖြူဖြူဝင်း (ခေတ္တ-ဂျပန်)တို့၏သမီးလတ် မအေးသန္တာဇော်တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းတရားရုံးရှိ ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် ၂၄-၁၂-၂၀၁၃ ရက်၌ လက်ထပ်ပြီးစီးပါကြောင်း။

မောင်မျိုးမင်းအောင်-မအေးသန္တာဇော်

ရောင်းမည်

ပုလဲကွန်ဒို၊ အဆင့်မြင့်ပြင်ပြီး
A/C ပါ။ (1250/1775)SQFT.
သိန်း(၂၀၀၀)
Ph:09-43202589

မူးယစ်ဆန့်ကျင်အောင်ပွဲဆင်



မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဂန့်ဂေါမြို့ မရဲစခန်းအချုပ်ခန်းအားကြည့်ရှုစစ်ဆေး

ဂန့်ဂေါ ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမြင့်သိန်းသည် တိုင်းဒေသကြီးတရားရေး ဦးစီးမှူး ဦးကျင်တင်၊ ဂန့်ဂေါခရိုင်တရားသူကြီး ဦးယုအောင်၊ ဂန့်ဂေါမြို့နယ်တရားသူကြီး ဒေါ်အေးအေးလွင်တို့နှင့်အတူ ဒီဇင်ဘာ၂၄ ရက် နံနက် ၈ နာရီက ဂန့်ဂေါမြို့ ရဲတပ်ဖွဲ့စခန်းအချုပ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဂန့်ဂေါမြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးကြည်ငွေက အချုပ်ခန်းလုံခြုံရေးအစီအမံများ၊ အချုပ်ခန်းအတွင်း ချုပ်နှောင်ထားသော တရားခံဦးရေနှင့် ၎င်းတို့၏ကျန်းမာရေး၊ နေထိုင်စားသောက်ရေးတို့အား ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး၊ တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် တရားခံများ နေရာထိုင်ခင်း သက်သာချောင်ချိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ မကျန်းမာပါကဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ တရားခံများအား နှိပ်စက်ညှဉ်းပန်းမှု၊ ဥပဒေပါအခွင့်အရေးများ ရရှိမှုတို့နှင့် စပ်လျဉ်း၍ အချုပ်ခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့အချုပ်ခန်းကြည့်ရှုစစ်ဆေးချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

(၄၆၅)

သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲနှင့် ဆွေးနွေးပွဲကျင်းပ

စစ်ကိုင်း ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲနှင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်နေ့က ရွှေဂွန်ကျေးရွာအုပ်စု အောင်ချမ်းသာမွှေ့ရုံကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ခွဲဦးစီးဌာနမှူး ဦးကျော်ကျော်နိုင်၊ အရန်မီးသတ်တပ်ဖွဲ့ တပ်ဖွဲ့မှူး ဦးအေးကိုတို့မှ သန်းခေါင်စာရင်းနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောရာတွင် ၂၀၁၄ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူ၍ ပြည်သူများ ခံစားနိုင်မည့်အရာများကို နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီပေးနိုင်မည့် အချက်အလက်များ အပါအဝင် သန်းခေါင်စာရင်းကောက်ယူစဉ် ကာလအတွင်း ပြည်သူများမှ မှန်မှန်ကန်ကန် ဖြေဆိုပေးနိုင်ရန် ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောလွင်နှင့် ပြည်သူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

လယ်များအတွင်းရေမကျသဖြင့် တောင်သူများအဆင်မပြေ

မြန်အောင် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ ဆည်မြောင်းများရှိသောလယ်မြေများတွင် ယခု ဒီဇင်ဘာလလယ်အထိ လယ်များအတွင်း ရေများနစ်မြုပ်နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါလယ်များမှ စပါးများကို တာပေါ်သို့ ရောက်အောင်လယ်သူမများကရွက်၍လည်းကောင်း၊ ရေများသောနေရာများတွင် တာပေါ်သို့ရောက်အောင် ဝါးဖောင်များ ပြုလုပ်၍လည်းကောင်း သယ်ယူနေရသည်။ စပါးစိုက်တောင်သူများအနေဖြင့် ယခုကဲ့သို့သယ်ယူနေချိန်တွင် နွေစပါးစိုက်ပျိုးရန်အတွက် ဆည်ရေများကို လွှတ်လိုက်ရာ တောင်သူများအတွက် အဆင်မပြေမှုများဖြစ်နေရသည်။ ဆည်ရေလွှတ်ချိန်ကို နှစ်စဉ်ဒီဇင်ဘာလကုန်မှ လွှတ်ပေးမည်ဆိုလျှင် တောင်သူများအနေဖြင့် အဆင်မပြေနိုင်ကြောင်းနှင့် လမ်းကြောင်းတစ်လျှောက်ရှိ ရေမြောင်းများကို မိုးမကျမီ ဖော်ပေးနိုင်ရန် လိုလားလျက်ရှိကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

နေဝင်းဇော်(မြန်အောင်)

အသည်းရောင်အသားဝါဘီပိုးကာကွယ်ရေး ဆေးထိုးနှံပေး

စစ်ကိုင်း ဒီဇင်ဘာ ၂၆

အသည်းရောင်အသားဝါဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၁ ရက်တွင် စစ်ကိုင်းမြို့မိမြို့ဖအဖွဲ့ရုံးနှင့် မြို့မဈေးရုံး၌ ကျင်းပသည်။

အသည်းရောင်အသားဝါ ဘီပိုးစစ်ဆေးကုသရာတွင် အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသံစစ် ဦးဆောင်သောအဖွဲ့သည် ဒေါက်တာ ဦးသံစစ်၏ မွေးရပ်မြေ စစ်ကိုင်းမြို့ရှိပြည်သူများအား သက်သာသောနှုန်းထားဖြင့် အသည်းရောင် အသားဝါဘီပိုး၊ စီပိုးရှိသူများအား ယခုတစ်ကြိမ်၊ တစ်လကြာတွင် တစ်ကြိမ်နှင့် ခြောက်လကြာလျှင် တစ်ကြိမ် သုံးကြိမ် ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အသိပညာပေးဟောပြော

မိတ္ထီလာ ဒီဇင်ဘာ ၂၆

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဒီဇင်ဘာ ၂၃ ရက်က အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးရာဌာနအဖွဲ့ ခေါင်းဆောင်ဒေါ်ခင်မိုးမြင့်က အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ်ရေး၊ အမျိုးသမီးများကို ပြုစုပျိုးထောင်ရေး၊ လူမှောင်ခိုကူးမှုမှ ကာကွယ်ရေး စောင့်ရှောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်ပြီး အမျိုးသမီးများ အလုပ်အကိုင်များရရှိရန် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ခင်စန္ဒာမှ ၂၀၁၄ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်ပြီး ဒေသခံများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဟောပြောခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်/ကောလိပ်များ၏
ဒသမအကြိမ်မြောက် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်
ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း -၈-၂-၂၀၁၄ ရက်(စနေနေ့) နံနက် ၉း၀၀နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း -၉-၂-၂၀၁၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိနည်းပညာတက္ကသိုလ်/ ကောလိပ်များတွင် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်းသတ်မှတ်ထားပါသည်-

(က) တက်ရောက်ဘွဲ့ - B.E/B.Arch/B.Tech ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch/B.Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ ×နှစ်လက်မ)အရွယ်ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၃၀-၁၂-၂၀၁၃ ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သောနည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၇-၁-၂၀၁၄ (သောကြာနေ့)နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ယူကြမည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါအကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်းထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ကောလိပ်များရှိကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

တစ်ဦးတည်း ဖြစ်ပါကြောင်း
ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမက(၃၅)မူလွန်မှ အလယ်တန်းပြဆရာမဒေါ်နွယ်နီဦး[၁၂/မဂဒ(နိုင်)၀၅၄၃၇၈]နှင့် ဒေါ်နွယ်နီသန်းမှာ တစ်ဦးတည်းဖြစ်ပါသည်။
ဒေါ်နွယ်နီဦး

ပြင်ဆင် ဖတ်ရှုပါရန်
၂၄-၁၂-၂၀၁၃ ရက် ကြော်ငြာစာမျက်နှာ(၃)ပါ အများသိစေရန် သတိပေးကြေညာခြင်းကြော်ငြာတွင် အကျယ်အဝန်း (၂၅×၅၀)ပေဟု ပြင်ဆင်ဖတ်ရှုပါရန်။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၇/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-147(2013-2014)	Down Hole Mud Motor Ex Horizontal Directional Drilling Rig	(1) Set	US$
(၂)	IFB-148(2013-2014)	Caterpillar C-9Truck Engine for 30 Ton Mark Oil Field Truck	(1) No	US$
(၃)	IFB-149(2013-2014)	CNG Compressor Driven Electric Motor With Complete Package	(1) Lot	US$
(၄)	IFB-150(2013-2014)	Spares for IMW(Mother)Dispenser	(7) Items	US$
(၅)	IFB-151(2013-2014)	Arc Transformer Welding Machine with Complete Accessories AC, 400AMP, Dry Type	(8) Nos	US$
(၆)	IFB-152(2013-2014)	Mobile Welding Machine with Complete Accessories 600 AMP, Diesel Engine Driven	(10) Nos	US$
(၇)	IFB-153(2013-2014)	Spares for GM 6V 53 Engine	(15) Items	US$
(၈)	IFB-154(2013-2014)	Spares for GM 6V 71 Engine	(17) Items	US$
(၉)	IFB-155(2013-2014)	Spares for CATD-3408PC Rig Engine	(26) Items	US$
(၁၀)	DMP/L-047(2013-2014)	Multi Grade Diesel Engine Oil SAE 15 W 40 (API-CF 4)	(700)Drums	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၂-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

ပုသိမ် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု ကမ်းနားဒိုက်လျားကျေးရွာမှ ငါးတဲစုကျေးရွာသို့ ကျေးရွာချင်းဆက် ကိုယ်ထူကိုယ်ထ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၀ ရက်မှ စတင်လုပ်ကိုင်ခဲ့သည်။ ယင်းလမ်းကို ကမ်းနားဒိုက်လျားကျေးရွာမှ အလှူရှင် ဦးတင်စိုး(ဂွန်ဒေါင်းကိုစိုး)က ကျောက်ချောလမ်းခင်းရန်အတွက် ၂၈ သိန်းကို မတည်သည်။ ကျေးရွာလူထုစုပေါင်းလှူဒါန်းငွေ ကျပ် ၁၂ သိန်းကို ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းရန်အတွက် ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်အထောက်အကူပြုအဖွဲ့မှလည်း ငွေကျပ် ၃၂ သိန်းနှစ်သောင်းကို ကျေးလက်ကျောက်ချောလမ်းခင်းရန်အတွက် ထောက်ပံ့ပေးမည်ဟု သိရသည်။

ကျေးရွာချင်းဆက်ကျောက်ချောလမ်းကို သာပေါင်းမြို့နယ် နယ်စပ်ကြည်သာ ဦးကွက်သစ်ထိပ်မှ ငါးတဲစုကျေးရွာအထိ အရှည်တစ်မိုင်နှင့် တစ်ဖာလုံ၊ အကျယ် ရှစ်ပေ၊ ဒု လေးလက်မခွဲ ခင်းကျင်းမည်ဟုသိရသည်။ ထိုလမ်းခင်းပြီးပါက အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ မိုးရာသီတွင် သွားလာရန် အဆင်ပြေမည်ဖြစ်သည်။ ဆက်လက်ပြီး ငါးတဲစုကျေးရွာတွင် တံတား ၇၅ ပေအရှည် တံတားတစ်စင်း တည်ရှိနေပြီး ၎င်းတံတားသည် ၂၀၀၀ နှစ်မှ တည်ဆောက်ထားခဲ့သည်။ ထိုတံတားသည် နှစ်ပေါင်း (၁၃)နှစ်ကြာပြီးနောက် အပေါ်မှကြမ်းခင်းများနှင့် အရှေ့ဘက်ကမ်းမှ အုတ်ခုံနိမ့်နေပါသဖြင့် ကျေးရွာလူထုမှ စုပေါင်းလှူဒါန်းငွေ ကျပ် ရှစ်သိန်းဖြင့် ပြန်လည်ပြင်ဆင်ခဲ့သည်။ ၎င်းတံတားကို အမှီပြု၍သွားလာနေသော ကျေးရွာအုပ်စု (၇)အုပ်စုမှ ပြည်သူများ သွားလာမှုအဆင်ပြေကြောင်း သိရှိရသည်။

မင်းဇော်ဦး(ရေကြည်)

ပခုက္ကူမြို့၌ ကတ္တရာထပ်ပိုးလွှာခင်း

ပခုက္ကူ ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ စက်မှုဇုန်ရောဝတီလမ်းတွင် အရှည် ၁၃၂၈ပေ၊ အကျယ် ၁၆ပေရှိ လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက်က စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးညိုမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်မင်းကြိုင်၊ အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သန်းသန်းစိုးတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မင်းအောင်)

စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူလူထု အသိပညာဗဟုသုတတိုးပွားရေး၊ စာတတ်သူတိုင်း စာဖတ်နိုင်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ပုဇွန်တောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း (၁၆)ကျောင်းမှ ကျောင်းသားကျောင်းသူများ စာပေဗဟုသုတတိုးပွားစေရေးဟူသော ရည်ရွယ်ချက်ဖြင့် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာမိုးနှင့် အခြေခံပညာကျောင်း (၁၆)ကျောင်းမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးတို့နှင့် ပူးပေါင်း၍ ကျောင်းများတွင် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ဟောပြောခြင်းနှင့် ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ကလေးများ စာပေဖတ်ရှုနိုင်ရန်အတွက် သုတရသစာအုပ်မျိုးစုံကို တစ်ကျောင်းလျှင် အုပ် ၅၀ ငှားရမ်းခြင်းတို့ကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

ရေကြည်အထက(၂)မြို့မ၌ ဒီဇင်ဘာလအားကစားပြိုင်ပွဲကျင်းပ

ရေကြည် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အထက(၂)မြို့မ၌ ဒီဇင်ဘာ လူထုအားကစားလတွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပညာရေးကို သင်ယူနိုင်ရန် အထောက်အကူဖြစ်သည့် ဒီဇင်ဘာအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အထက(၂)မြို့မ၏ ဒီဇင်ဘာအားကစားပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများက အားကစားနည်း ငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ကျောင်းသား၊ ကျောင်းသူများကလည်း ဒီဇင်ဘာအားကစားကို ပျော်ရွှင်စွာပါဝင်လှုပ်ရှားခဲ့ကြသည်။ ဒီဇင်ဘာအားကစားပြိုင်ပွဲကို ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက ကြီးကြပ်၍ ကျင်းပခဲ့ကြောင်း သိရသည်။

(ဇော်)

အစိုးရ/စီးပွားရေးကြော်ငြာ

လေလံတင်ရောင်းချခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဝင်းသူဇာကုန်တိုက် (နေပြည်တော်)မှ အသုံးမလိုပိုလျှံနေသော အလူမီနီယံမှန်ကောင်တာများ၊ သစ်သားပစ္စည်းတင်စင်များအပါအဝင် ပစ္စည်းအမျိုးအစား (၂၂)မျိုးအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်-

(က)	တင်ဒါပိတ်မည့်ရက်	-	၁၇-၁-၂၀၁၄ရက်၊ ၁၆း၀၀ နာရီ
(ခ)	တင်ဒါပေးသွင်းရမည့်နေရာ	-	ဒုတိယဝန်ကြီး(၁)၏ရုံးခန်း၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၆၃၊ ၄၀၈၂၈၀

မြို့လယ်ဆိုင်ဖွင့်နိုင်

လူနေနိုင်၊ နေရာကောင်း
၁၂½'×၅၀'
ထပ်ခိုးပြည့်၊ မြေညီထပ်၊ ငှားရန်
အကျိုးဆောင်နိုင်
ဖုန်း-၀၉-၇၃၀၂၀၆၂၄
ဦးသန်းနိုင် ၀၉-၄၂၁၀၃၉၆၅၁



သားကောင်းမိခင်နှင့် ကလေးကျန်းမာရေးပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၈၇)ရပ်ကွက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်း၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက မွေးကင်းစ ၆လမှ ၂နှစ် ၆လအတွင်း သားကောင်းမိခင်နှင့် ကလေးကျန်းမာရေးပြိုင်ပွဲကို မြို့နယ်/ ရပ်ကွက် ကျေးရွာပေါင်းစုံအလိုက် ၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ (၈၇)ရပ်ကွက် အမြွာသားကောင်းမိခင် ဒေါ်ခင်နှင်းခိုင်၏သား ရဲလင်းဆန်းနှင့် ရဲဝင်းဆန်း၊ အမွှာဆုကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုဝေလွင်က ဆုချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု စသည်ဖြင့် ဆုမဲပေါင်း ၄၈ ဆုကို အသီးသီး ချီးမြှင့်ကြကြောင်း သိရသည်။

(၅၁၂)

မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ညောင်တုန်း၌ဆောင်ရွက်

ညောင်တုန်း ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ပွင့်လင်းရာသီ နွေရာသီ၌ ဖြစ်ပွားတတ်သော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် အသိပညာနှင့် ဗဟုသုတများပြည်သူများသို့ မျှဝေပေးခြင်းလုပ်ငန်းစဉ်များကို မြို့မစည်ပင်သာယာဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများကို ဒီဇင်ဘာ ၂၀ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

စစ်ကိုင်း ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် တလိုင်းကျွန်းကျေးရွာတွင် စစ်ကိုင်းမြို့ ဟံသာဂီရိကျောင်းတိုက်မှ ဦးသုစရိတအမှူးပြုပြီး အလှူရှင်များက လှူဒါန်းသော အခြေခံပညာအလယ်တန်းကျောင်းခွဲကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ကျောင်းဆောင်သစ် အထိမ်းအမှတ်အလံများကို ဝန်ကြီးချုပ်ထံ ကျောင်းအုပ်ဆရာမကြီးက လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများထံ ကျောင်းအကျိုးတော်ဆောင်များကလည်းကောင်း အသီးသီး ပေးအပ်ကြသည်။

ထို့နောက်ဝန်ကြီးချုပ်က ကျောင်းအတွက် ၂၄ လက်မ (L.E.D)TVကို လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဗလာစာအုပ်များကို လည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီးက ဂျာနယ်၊ စာစောင်များကို လည်းကောင်း၊ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပေးကြသည်။

ယခုဖွင့်လှစ်ခဲ့သည့်ကျောင်းဆောင်သစ်မှာ "ရွှေရတုကျောင်းဆောင်" အမည်ဖြစ်ပြီး အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၃ ပေ ဖြစ်ပြီး ဆရာတော် ဦးသုစရိတ အမှူးပြုသောအလှူရှင်များက ကျပ်သိန်း ၁၅၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းခရိုင် (ပြန်/ဆက်)

လေးဆယ်ကျော် အရွယ်

ကျွန်မတို့ အမျိုးသမီးအများစုမှာ အသက်(၄၀)ကျော်လာရင် "ဝ"ပြီး ဗိုက်ပူလာကြတယ်၊ အစားအသောက်နဲ့ ဆိုင်တယ်လို့ ထင်တယ်။ ဒါကို တချို့က ဗိုက်ချပ်ဆေးတွေလိမ်းခြင်းဖြင့် ထိန်းသိမ်းသလို တချို့ကြပြန်တော့ လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် ကာကွယ်ထိန်းသိမ်းကြတယ်။ အားကစားလုပ်ခြင်းဖြင့် ထိန်းသိမ်းတာကောင်းမွန်ပေမယ့် ဗိုက်ချပ်ဆေးတွေလူးတာကတော့ မလိုလားအပ်တဲ့ ဆိုးကျိုးတွေခံစားရမှာမို့ အထူးသတိထားသင့်ပါတယ်။ စာရေးသူလည်း ယခင်ကကော်ဖီကို ကြိုက်လွန်းလို့ တစ်နေ့လုံးနီးပါး သောက်ခဲ့မိတယ်။ ကြာလာတာနဲ့နှင့်အမျှ နှလုံးထိလာတယ်၊ အဆီ၊ အဆိမ့်တွေကို နှစ်ပေါင်းများစွာစားလာတော့ အခုဆိုရင် စာရေးသူမှာသွေးတွင်း အဆီဓာတ်များနေတာကြောင့် ဆေးစားခြင်းဖြင့် ကုသနေရတယ်၊ ဒါကြောင့်မို့စာရေးသူရဲ့ ကိုယ်တွေ့ခံစားရမှုကို စာဖတ်ပရိသတ်များ သိရှိအောင်ပြောပြရခြင်းဖြစ်ပါတယ်။

အစားအစာစားတဲ့အခါမှာ ငါးများများနှင့် အသီးအရွက်ကို များများစားခြင်းကလည်း အဆီပိုတွေကို ကာကွယ်ပေးသလို[BPI-စီဗစ်] ဆေးကို တစ်နေ့နံနက်တစ်လုံး ညတစ်လုံးပုံမှန်သောက်ပေးခြင်းကလည်း မိမိခန္ဓာကိုယ်အတွင်းမှာရှိတဲ့ အဆိပ်အတောက်ဖြစ်စေတဲ့အရာမှန်သမျှကို ထိန်းသိမ်းပေးနိုင်တယ်။ သွေးသားသန့်ရှင်းစေခြင်း၊ ခန္ဓာကိုယ်ယားယံခြင်းတို့မှ ကာကွယ်ပေးသောဆေး ဖြစ်ပါတယ်။ ယနေ့ခေတ်အမျိုးသမီးများမှာ အမျိုးသားများမှ တန်းတူရှာဖွေလုပ်ကိုင်နေရတာရယ် အိမ်မှုကိစ္စ၊ သားသမီးကိစ္စ အစရှိတာတွေနှင့် ပင်ပန်းပြီး လေ့ကျင့်ခန်းမလုပ်နိုင်သလို အစားအသောက်တွေကိုလည်း ကြုံသလိုစားသောက်နေရတာလည်း ဖြစ်နိုင်ပါတယ်။

မကောင်းတဲ့အဆီပိုတွေဟာ ကြာလာရင် ရုတ်တရက် လေဖြတ်နိုင်တာမို့ ကြိုတင်ကာကွယ်ကြပါ။ အိမ်တစ်အိမ်မှာ မိခင်သည် အဓိက မဟုတ်ပါလား။ မိသားစု၏အိမ်တွင်းမှုအားလုံးကို လုပ်ဆောင်ပေးနေရတာကြောင့် မိမိ၏ကျန်းမာရေးကို အထူးဂရုစိုက်သင့်သည်။ ဒါကြောင့်မို့ ၁၀ မိနစ်၊ ၁၅ မိနစ်လောက် အချိန်အနည်းငယ်ပေးပြီး မိမိရဲ့ခန္ဓာကိုယ်ကို ထိန်းသိမ်းပေးပါ။

မိမိနှင့်သင့်လျော်သော အားကစားတစ်ခုခုကို လုပ်ဆောင်ပါ။နောက်တစ်ချက်က ညအိပ်ရာဝင်ချိန်မှာ ကော်ဖီ၊ အအေးနှင့်မာသော အစားအစာများကို ရှောင်ကြဉ်၍ အစာကြေလွယ်ပြီး အဆီဓာတ်မပါသော နွားနို့တစ်ခွက်ကို သောက်ပေးခြင်းဖြင့် အရိုးပွရောဂါကိုလည်း ကာကွယ် ပြီးသားဖြစ်တာမို့ သောက်သုံးစေချင်ပါတယ်။ ယခင်တုန်းက"ဝလို့၊ လှလို့"ဆိုတဲ့ စကားဟာ ယနေ့ခေတ်အနေနဲ့တော့ မလွယ်ကူလှတော့ပါ။ (၄၀)ကျော်အရွယ် အမျိုးသမီးများအားလုံး သွယ်လျသောခန္ဓာကိုယ်အလှများ ပိုင်ဆိုင်ကြဖို့ရာ ဆန္ဒပြုရင်း ရေးသားလိုက်ရပါသည်။

❖ ❖ ❖ ရွှန်းလပြည့်ဦး ❖ ❖ ❖

[illegible]

"အသည်းရောဂါဝေဒနာရှင်များနဲ့ အသည်းရောဂါ ကာကွယ်လိုသူတွေအတွက် ကိုယ်တိုင်ကုသရင်း သုတေသနပြု ထုတ်လုပ်ထားတဲ့..."

မန္တလာ အသည်းအားဆေး

[illegible]

၁၀၀% အောင်ချက်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်သော

Better Tomorrow

EPS-TOPIK

(ကိုရီးယားလုပ်ငန်းခွင်) သင်တန်းကျောင်း

- ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ချင်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော EPS သင်တန်းကျောင်း။
- ပညာအရည်အချင်းမလိုဘဲ လစာ(၁၀)သိန်းအထက် ရရှိနိုင်သော အခွင့်အရေးကို လက်လွှတ်မခံဘဲ ကိုရီးယားဆရာကိုယ်တိုင် သင်ကြားသော EPS-TOPIK နှင့် ဆက်သွယ်ပြီး သွားကြပါစို့။
- EPS နှင့် Speaking တန်းခွဲသစ်များ ၁၀-၁-၂၀၁၄ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။

Co-Operative With Korea Social Education Center of Myanmar.

အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Ph:01-512804, 09-421091080, 09-43029256

စိုက်ပျိုးရေနှင့်သောက်သုံးရေရရှိရန် မြစ်ရေတင်လုပ်ငန်းမှ အားဖြည့်ဆောင်ရွက်

ဆားလင်းကြီး ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က ပြုပြင်ဆောင်ရွက်လျက်ရှိသော ပင်မမြောင်းပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၂၁ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှရွှေက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ချင်းတွင်းမြစ်မှ ရေစုပ်စက်ဖြင့်စုပ်တင်၍ ဆားလင်းကြီးမြို့နယ် လက်ပံတောင်းဒေသအပါအဝင် ကျေးရွာများ သောက်သုံးရေနှင့် စိုက်ပျိုးဧက ၁၂၀၀ ခန့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ရေတင်အဆင့်(၁)မှ ရေတင်အဆင့်(၂)အထိ ရေပေးမြောင်းများ ပုံစံကျပြုပြင်ခြင်းကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ရေတင်အဆင့်(၂)မှ မြောင်းဖျားအထိပြုပြင်ခြင်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ စတင်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနကို အားဖြည့်ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ဆည်မြောင်းဦးစီးဌာနက သတ်မှတ်ထားသည့် ၂၀၁၄ မတ်လကုန်အပြီး တည်ဆောက်ရမည်ဖြစ်၍ အရည်အသွေးမီနှင့်အချိန်မီ ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်းဆွေးနွေးတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ပေါင်းစပ်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့သည်။

ညောင်ပင်ကြီးလျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် သီးထပ်၊ သီးညှပ်စိုက်ပျိုးမှုဖြင့် သီးနှံထွက်ကုန်တိုးတက်မြင့်မားလာစေမှုနှင့်အတူ တောင်သူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်လာစေရန်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဝမ်းစာဖူလုံစေရန်နှင့် ဒေသစိမ်းလန်းစိုပြည်လာစေရန် ရည်ရွယ်၍ ဆားလင်းကြီးမြို့နယ် ကျောက်မျက်ရွာရေပေါ်ရေတင်စက်ရုံမှ အမြင့် ၅၂ ပေရှိ ပင်မရေတင်စခန်းသို့ ရေတင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပင်မရေတင်စခန်းမှ ထပ်ဆင့်ရေတင်စခန်းလေးခုသို့ဖြန့်ဝေ၍ ဒေသကျေးရွာစိုက်ခင်းများအရောက် ရေပေးနိုင်ရန်ရေမြောင်းများကို ပေါင်အားဖြည့်၊ မြောင်းပုံစံကျပြုပြင်ခြင်း၊ မကောင်းသောမြေများမြေအစားလဲလှယ်ခြင်း၊ မြောင်းလိုင်နင်စီခြင်း၊ တူးမြောင်းအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းတွေ့ရသည်။ ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းအနေဖြင့် ရေပေးဝေနိုင်မည့် ပမာဏမှာ ဧက ၂၂၄၀၀ ဖြစ်ပြီး စီမံကိန်းအကျိုးပြု ဧက ၁၀၀၀၀ ဖြစ်ကာ စပါး ဧက ၁၂၀၀ နှင့် အခြား ဧက ၈၈၀၀ ဖြစ်ကြောင်း၊ ပင်မမြောင်းအရှည်ပေ ၂၉၀၀၀ (မိုင်အားဖြင့် ၅ ဒသမ ၄၉ မိုင်)နှင့် လက်တံမြောင်းလေးခု၏ စုစုပေါင်းအရှည်ပေ ၁၁၁၀၀၀ ရှိကြောင်း သိရသည်။

"မြစ်ရေတင်မြောင်းကြီးပြီးလို့ ရေပေးရင်တော့ ဒီဘက်ဒေသခံတွေခေါ်တဲ့ တနယ်ပြင်တစ်ခုလုံးရေရပြီး တစ်သီးက နှစ်သီးရလာမှာသေချာပါတယ်။ အခုလောလောဆယ်မှာတော့ ဆောင်းသီးနှံကုလားပဲကို စိုက်နေပြီး ဒီအရင်က မိုးသီးနှံနှမ်းကိုစိုက်ခဲ့ကြပါတယ်။ ကံကုန်းရွာတောင်သူ ၁၀၀ လောက်က ကံကုန်းရွာအပိုင်း တောင်ပလူကွင်းမှာ ဧက ၁၅၀ လောက်စိုက်ပျိုးကြပါတယ်" ဟု ကံကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးဦးအောင်သန်းက ပြောပြသည်။

၂၀၀၈ ခုနှစ်က ပြီးခဲ့သည့် မြစ်ရေတင်စီမံကိန်းကြောင့် မြောင်းမကြီးအဆုံး ဝန်းကျင်တွင်ရှိသော တံကျေးရွာအုပ်စု လယ်တီရွာဝန်းကျင် ရေတွင်းများမှရေများသည် ၂၀၀၉ ခုနှစ်နောက်ပိုင်း ငန်ရာမှ ချိုသွားသည်မှာ လက်တွေ့ဖြစ်ကြောင်း၊ ယခင်က တွင်းရေကိုသောက်ရန်ဝေးစွ၊ သုံးရန်ပင်မသင့်အောင် ငန်နေရာမှ မြစ်ရေတင်ရောက်ရှိလာသည့်အတွက် သွယ်ဝိုက်သည့်နည်းဖြင့် ရေချိုစေသောကြောင့် လက်ပံတောင်းဒေသကျေးရွာများလည်း ရေချိုစေချင်ကြောင်း၊ ထိုမှသာစိုက်ပျိုးရေရရှိပြီး သုံးရေအပြင် ဒေသစိမ်းလန်းရေး အထောက်အကူပြုမည်ဖြစ်ကြောင်း တံကျေးရွာအုပ်ချုပ်ရေးမှူးက ဒေသ၏လက်ရှိအခြေအနေကို ခြုံငုံသုံးသပ်ပြသည်။

မတ်လတွင် အပြီးဆောင်ရွက်မည့် ညောင်ပင်ကြီး မြစ်ရေတင်မြောင်းများ ဖောက်လုပ်တည်ဆောက်ပြီးလျှင် မိမိတို့ဒေသအရောက် ရေသွယ်ကာ မိုးနှမ်းကိုသာ အားကိုးစိုက်ပျိုးခဲ့ရသည့် တောင်သူများအနေဖြင့် နွေနှမ်းကိုပါရအောင် စိုက်ပျိုးရန်လျာထားကြောင်း တောင်သူများနှင့် အနီးကပ်ဆုံးထိတွေ့နေသည့် လယ်တီရွာနေ မြစ်ရေတင် အဆင့် ၅ ရေစက်မောင်း ဦးပဲထံမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

တောင်သူများ ဆီးသီးဖြင့်ဝင်ငွေရ

ရမည်းသင်း ဒီဇင်ဘာ ၂၆

ယခုလတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအတွက် ပေါင်းသင်၊ မြေဆွရန်မလိုဘဲ ဝင်ငွေရနေသော သီးနှံမှာ ဆီးသီးဖြစ်သည်။

မြို့နယ်အတွင်း ဒေသအသီးသီးတွင် ဆီးပင်များ အနှံ့အပြား ပေါက်ရောက်ပြီး ယခုလရာသီတွင် စတင်ကောက်ယူရရှိသည်။ ယခုနှစ်တွင် ဆီးသီး သီးအားပိုကြောင်းသိရသည်။ ဆီးပင်တစ်ပင်လျှင် အကြီးအသေး အပေါ်မူတည်၍ ဆီးသီးသုံးတင်းမှ ၁၀ တင်း ဝန်းကျင် ရရှိပြီး အပင်ကြီးများမှာ ၁၅ တင်းမှ တင်း ၂၀ နီးပါး ရရှိသည်ဟု သိရသည်။

ဆီးပင်အပင် ၃၀ ပိုင်ဆိုင်သူတစ်ဦးလျှင် နှစ်စဉ်ဆီးသီးတင်း ၁၀၀ မှ တင်း ၁၅၀ ဝန်းကျင် ရရှိကြောင်း သိရသည်။ မိုးလေကင်းစင်၍ ပွင့်လင်းရာသီရောက်လာသည်နှင့်အမျှ ဆီးပင်ပိုင်ရှင်များသည် မိမိတို့ယာခင်းအတွင်းရှိ ဆီးပင်များ၏အောက်ခြေနှင့် အပင်ပတ်ဝန်းကျင်တွင် ပေါင်းမြက်များ ရှင်းလင်းပေးထားရသည်။ သို့မှသာ မှည့်၍ကြွေကျသော ဆီးသီးများကို အလွယ်တကူကောက်ယူသိမ်းဆည်းကာ သုံး၊ လေးရက် နေလှန်းထားရသည်။

ယနေ့ပေါက်ဈေး ဆီးသီးအစိုတစ်ပြည်လျှင် ကျပ် ၂၀၀ ဝန်းကျင် ရောင်းချရပြီး ဆီးသီးခြောက်တစ်တင်းလျှင် ကျပ် ၂၀၀၀ ရောင်းချရသောကြောင့် ဆီးပင်အပင် ၂၀ ကျော် ပိုင်ဆိုင်သောတောင်သူတစ်ဦးလျှင် တစ်နှစ်ဆီးသီးဖိုးကျပ် သုံးသိန်းနီးပါးရရှိကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

လူမှုရေး/စီးပွားရေးကြော်ငြာ



ကြုံခဲ့ပါသည်

“ခေတ်သစ်ဇီဝကများနှင့် အနာဂတ်ပြည်သူ့ကျန်းမာရေးကဏ္ဍ” ပြည်သူတစ်ဦး၏ ဆောင်းပါးကို ဖတ်ရှုရသဖြင့် ဆောင်းပါးရှင်၏ စေတနာကိုနားလည် ကျေးဇူးတင်မိပါသည်။ နိုင်ငံတစ်ခု၏ တိုးတက်မှုတွင် ကျန်းမာရေးနှင့်ပညာရေးသည် အရေးအကြီးဆုံးကဏ္ဍများ အဖြစ်ပါဝင်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ တိုးတက်လာသော လူဦးရေနှင့်အမျှ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍသည်လည်း ပိုမိုအရေးပါလာမည်မှာ ထင်ရှားလှပေသည်။

ကျွန်ုပ်တို့နေ့စဉ် စားသောက်နေရသော အစားအစာများမှာလည်း အမျိုးစုံသလို အမျိုးမျိုးပါဝင်လာသော ဓာတုဗေဒအဆိပ်အတောက်များမှာလည်း တစ်စထက်တစ်စများလာသဖြင့် ရောဂါဘယများမှာလည်း ပိုမိုများပြားလာကြောင်း သိသာလှပေသည်။ ဆေးရုံ၊ ဆေးခန်းများကား လူစည်ကားသော နေရာမဖြစ်သင့်သော်လည်း ယနေ့ အချိန်အခါတွင် အကြီးမားဆုံးသော အထွေထွေကုဆေးရုံကြီးများနှင့် အသေးဆုံးဆေးခန်းငယ်ကလေးများအထိ လူနာများနှင့် စည်ကားနေကြသည်ကို လက်တွေ့မြင်နေရပေသည်။ ဆေးကုသရန် အကောင်းဆုံးသမားတော်များနှင့်တွေ့ဆုံရန် အချိန်အမျိုးမျိုးစောင့်စားရသည်မှာလည်း အမှန်ပင်ဖြစ်၏။ သာမန်ပြည်သူပြည်သားတစ်ဦးအတွက် အထူးကုဆေးရုံကြီးများတွင် ကုသနိုင်ဖို့ဆိုသည်မှာလည်း အိပ်မက်ထဲက ပုံပြင်တစ်ပုဒ်ပမာ မလွယ်ကူသော ကိစ္စသာဖြစ်ပေသည်။ အများစုမှာ ပရဟိတကုသိုလ်ဖြစ်ဆေးခန်းများ၌သာ အချိန်များစွာစောင့်ဆိုင်းရင်း မိမိတို့ဝေဒနာများကို ကုသနေကြရပေသည်။

ခေတ်စနစ် အနည်းငယ်ပြောင်းလဲလာသည်နှင့်အမျှ ဆေးပညာရပ်ဆိုင်ရာတိုးတက်မှုနှင့် ပညာပေးဟောပြောပွဲများလည်း အခါမလပ်ကျင်းပပေးသည်မှာ ဝေဒနာရှင်များအတွက် အကျိုးကျေးဇူးများသည်ကို ခံစားတွေ့မြင်ရပေသည်။ ကျန်းမာရေးဗဟုသုတဆိုသည်မှာ လူတိုင်းအတွက်အရေးကြီးလှပေသည်။ သို့မှလည်း အသက်ကိုဥာဏ်စောင့်ဆိုသည့်အတိုင်း ကျန်းမာရေးဟူသော လာဘ်လာဘကိုခံစားရပေမည်။

ဤသို့သော ကျန်းမာရေးဝန်ဆောင်မှု အမျိုးမျိုးထဲမှ ကျွန်တော်၏ အတွေ့အကြုံကိုလည်း တင်ပြလိုပေသည်။ ကျွန်တော်၏အမျိုးသမီးမှာ သွားရောဂါဝေဒနာရှင်တစ်ဦးဖြစ်သဖြင့် သယ်န်းကျွန်း သွားတက္ကသိုလ်သို့သွားရောက်ပြသခဲ့ပါသည်။ ထို့နောက် ယင်းတက္ကသိုလ်မှ မေးရိုးနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ကြီးများနှင့်အဖွဲ့မှ ခွဲစိတ်ကုသပေးခဲ့ပါသည်။ ခွဲစိတ်ချိန်မှာ နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီတွင်ပြီးဆုံးပါသည်။ ယင်းနောက် ဆရာဝန်များကြီးကြပ်မှုဖြင့် အရေးပေါ်ခန်းတွင် လေးရက်နေခဲ့ရပါသည်။ ဤဆေးကုသမှုဖြစ်စဉ်ကို ကျွန်တော် လေ့လာကြည့်မိသောအခါ အပြင်ဆေးရုံမှာဆိုလျှင် ကျပ်သိန်း ၅၀ မျှကုန်ကျမည်ဟုသိရပါသည်။ ဤဆရာဝန်ကြီးနှင့်အဖွဲ့ကုသမှုအတွက် ကုန်ကျစရိတ်မှာ မပြောပလောက်သော ကုန်ကျမှုသာရှိခဲ့ပါသည်။

ထိုကုသမှုမှာ ပထမအကြိမ်ဖြစ်သည်။ ကျွန်တော့်အမျိုးသမီး၏ရောဂါမှာ ‘ကင်ဆာ’ဖြစ်သည်။ ဆေးသွင်းဓာတ်ကင်ကုသခဲ့ပြီးနောက် တစ်ခါလည်ပင်းမှာ အကျိတ်ပေါ်လာသဖြင့် ဤဆရာဝန်ကြီးအဖွဲ့ကပင် ခွဲစိတ်ကုသပေးခဲ့သည်။ နောက်တစ်နှစ်ခန့်အကြာတွင်လည်း လည်ပင်း၌ အဖုအကျိတ်ပေါ်လာသဖြင့် တတိယအကြိမ်ခွဲစိတ်ကုသရပြန်ပါ၏။ ဆရာဝန်ကြီးနှင့်အဖွဲ့သည် ကိုယ်ရောစိတ်ပါ အချိန်ယူကုသပေးခဲ့သည်ကို တွေ့ရပါသည်။

ထိုဆောင်းပါးရှင်၏ တင်ပြမှုကိုလေးစားပါ၏။ ကျေးဇူးလည်းတင်ပါ၏။ ယခုကျွန်တော်တွေ့ကြုံခဲ့ရသော ဆရာဝန်ကြီးများမှာ ပြင်ပတွင်ဆေးခန်းထိုင်ခြင်း၊ ကိုယ်ပိုင်ဆေးခန်းထိုင်ခြင်း၊ ဆေးခန်း၊ ဆေးဆိုင်ဖွင့်ခြင်းများမရှိဘဲ ပြည်သူတို့၏ကျန်းမာရေးကို ဂရုတစိုက်ဆောင်ရွက်ကုသပေးနေပါသဖြင့် သြော်. . . . ဒီလိုသမားတော်တွေလည်း တချို့တလေရှိနေပါလားဟု ကြည်နူးဝမ်းသာမှုဖြင့် ဤဆောင်းပါးကို ဂုဏ်ပြုရေးသားအပ်ပါသတည်း။ ။

ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေ။

(စေတနာရှင်တစ်ဦး)

ကျောက်ဆည်တက္ကသိုလ်တွင် Mini Book Corner ဖွင့်လှစ်

စဉ့်ကိုင် ဒီဇင်ဘာ ၂၆

ကျောက်ဆည်တက္ကသိုလ်နှင့် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော Mini Book Corner ထားရှိခြင်းနှင့် ကျောက်ဆည်တက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းများ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းပွဲကို ကျောက်ဆည်တက္ကသိုလ် တက္ကသိုလ်စာကြည့်တိုက်တွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးနှင့် စဉ့်ကိုင်မြို့နယ် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးတို့က Mini Book Corner ဖွင့်လှစ်ထားရှိရခြင်းအကြောင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောက်ဆည်တက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာထွန်းမြင့်က ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး

စာကြည့်တိုက်များအတွက် ကျောက်ဆည်တက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်း ၁၂၀ ကိုပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က လက်ခံရယူခဲ့သည်။

စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စဉ့်ကိုင်မြို့နယ်အတွင်း ပြည်သူများ စာပေများ လက်လှမ်းတမီ အလွယ်တကူ ဖတ်ရှုနိုင်ရန်အတွက် Mobile Library များ၊ Mini Book Corner များကို နေရာအနှံ့အပြားထားရှိနိုင်ရေးအတွက် အလှူရှင်များရှာဖွေဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း Mini Book Corner နှစ်ခု ထားရှိနိုင်ခဲ့ပြီး ယခုထားရှိသော Mini Book Corner ကို အလှူရှင် ဦးကျော်ဝေမိသားစုက တစ်နှစ်စာလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

နေရောင်ခြည်စွမ်းအင်သုံး အချက်ပြမီးဝါတပ်ဆင်

ကျိုင်းတုံ ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင်း လူနှင့်ယာဉ်အသွားအလာ များပြားသောနေရာများ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာအချက်ပြမီးဝါများ တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့သည် မြို့ပြအင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိရာတွင် အမှတ်(၆၄) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံး၏ ရန်ပုံငွေဖြင့် ယခုအချက်ပြမီးဝါများ တပ်ဆင်ခဲ့ခြင်းဖြစ်သည်ဟု ယာဉ်ထိန်းတပ်ဖွဲ့ရုံး တာဝန်ရှိသူထံမှသိရသည်။ အဆိုပါ အချက်ပြမီးဝါတိုင်များကို မြို့တွင်းနေရာများဖြစ်သည့် မဟာမြတ်မုနိဘုရားကြီးအဝိုင်း၊ ဒမောဒယပရိယတ္တိစာသင်တိုက်နှင့် လေယာဉ်ကွင်းလမ်းဆုံ၊ အထက (၅)နှင့် တာချီလိတ်လမ်းရှိ အထက(၄)၊ မြို့လယ်ကျောက်တိုင်အဝိုင်းပတ်နေရာများတွင် တပ်ဆင်ပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းများ၊ ရပ်ကွက်များတွင် အသက်မပြည့်သေးသူ ကလေးငယ်များ ဆိုင်ကယ်စီးနင်းခြင်း ခွင့်မပြုရန်၊ မိဘအုပ်ထိန်းသူ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်၊ ကျေးရွာ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ကူညီပေးရန်လိုကြောင်းနှင့် မိမိတို့ယာဉ်ထိန်းတပ်ဖွဲ့တစ်ခုတည်းက ဆောင်ရွက်၍မရနိုင်ကြောင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ အပြည့်အဝလိုက်နာကြစေလိုကြောင်း ပြောကြားသည်။

(၅၁၃)

စီးပွားရေးကြော်ငြာ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ငါးသိုင်းချောင်းမြို့နေ ဦးလေဟုန်း-ဒေါ်ခင်လှစိုးတို့၏သား **မောင်စိုးထက်**(အထက-၅၊ ဗိုလ်တထောင်) B 2013 ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိပြီး မြန်မာတစ်နိုင်ငံလုံးတွင် ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပထမဆုရရှိသည့်အတွက် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးကြင်လွင် (သုခရှင်ဆန်စက်)

ဦးသိန်းထွန်းဦး (သိန်းတိုက်ဇော်ပွဲရုံ)

ဦးလှမျိုးအောင်(ဆွေသဟာစိုးပွဲရုံ)

ဦးနေမျိုးလှိုင်(ကောင်းသန့်ဇင်ပွဲရုံ)

ဦးမောင်မောင်သန်း(စွမ်းအားသစ်ပွဲရုံ)

စိတ်ကြိုက်ဆောင်းပါးဖိတ်ခေါ်ခြင်း

၁။ လူ့ဘဝသည် ချမ်းသာနည်း၍ ဘေးဒုက္ခများလှသည် ဟူသော ခေါင်းစဉ်ဖြင့် ရေးပါ။

၂။ စာတမ်း(သို့မဟုတ်) ဆောင်းပါးပုံစံ၊ အင်္ဂလိပ်(သို့မဟုတ်)မြန်မာဘာသာဖြင့် စာမျက်နှာကန့်သတ်မထားပါ။

၃။ လူမျိုးမရွေး၊ ဘာသာမရွေး မည်သူမဆို ရေးသားနိုင်ပါသည်။

၄။ ဘာသာအယူဝါဒများသာမက မိမိလက်တွေ့သိမှု၊ ကြုံဆသိမှုများကိုပါ လွတ်လပ်စွာရေးသားနိုင်ပါသည်။

၅။ ၃၁-၁-၂၀၁၄ရက် နောက်ဆုံးထား၍ လပြည့်ဝန်းဆေးခန်း၊ ဃ-၁/၁၄၊ အမှတ်(၄)ရပ်ကွက်၊ မနော်ဟရီလမ်း၊ ၆၄×၆၅လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးသို့ လိပ်မူတပ်၍ ပေးပို့နိုင်ပါသည်။ ဖုန်း-၀၂-၈၀၀၈၂

၆။ ပေးပို့သူ၏ အမည်၊ လိပ်စာနှင့်ဖုန်းနံပါတ်တို့ကို ဖော်ပြပေးပါရန်။

၇။ ပထမဆု သုံးသိန်း၊ ဒုတိယဆု နှစ်သိန်း၊ တတိယဆုတစ်သိန်းနှင့် နှစ်သိမ့်ဆုများစွာကြေညာ၍ ပေးအပ်ပါမည်။

ဒေါက်တာခင်မောင်ညွန့်(လပြည့်ဝန်း)

တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာအသိပေးဟောပြော

ကော့သောင်း ဒီဇင်ဘာ ၂၆

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကော့သောင်းမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဆေးဝါးကုသဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီက အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးမောင်မောင်မြင့်ဦးက အမျိုးသမီးများတွင် ဖြစ်တတ်သည့်ရောဂါများနှင့် ဆေးဖက်ဝင်အပင်များ၏ ရောဂါအလိုက်အသုံးပြုပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် အသိပညာပေးဟောပြောသည်။ ထို့နောက် သင်တန်းဆရာမနှင့် သင်တန်းသူ ၆၀ တို့အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ဥတ္တရသီရိမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၆

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆထိခိုက်မှုများ လျော့နည်းစေရေးအတွက် ဒီဇင်ဘာ ၂၅ ရက်က ဥတ္တရသီရိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှောင်တခင်စစ်ဆေးမှုပြုလုပ်ကြောင်း သိရသည်။ အဆိုပါစစ်ဆေးရေးအဖွဲ့တွင် ဥတ္တရသီရိယာဉ်ထိန်းရဲအုပ်ဝင်းဇော်၊ ဒုရဲအုပ်ခင်မျိုးထက်တို့ဦးစီး၍ ဒုတပ်ကြပ်နေမျိုး၊ ဒုတပ်ကြပ်ဇော်ဇော်ထက်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ စာရေးဦးဇင်မျိုးသူတို့ပူးပေါင်းကာ ဥတ္တရသီရိဆေးရုံ မီးပွိုင့်အနီး(တောင်နှစ်လုံးကြား)ဘူတာလမ်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

ကလေး-တီးတိန်-ရိဒ်ခေါ်ရ်ဒါနယ်စပ်ကုန်သွယ်ရေးကားများ ကုန်စည်ရရှိမှုနည်းပါးလာ

ကလေး ဒီဇင်ဘာ ၂၆

ကလေး- တီးတိန်- ရိဒ်ခေါ်ရ်ဒါ နယ်စပ်ကုန်သွယ်ရေး ကားလိုင်းများတွင် ကုန်စည်သယ်ယူပို့ဆောင်မှုမှာ နည်းပါးသွားသည့်အတွက် ကုန်စည်ရရှိမှုမှာ နည်းပါးလာခဲ့ကြောင်း ယာဉ်လိုင်းများထံမှ သိရသည်။

"ကလေး-တီးတိန်-ရိဒ် စတဲ့ ချင်းတောင်တက်ယာဉ်လိုင်းတွေအကုန်လုံး နိုဝင်ဘာလထဲမှာ ကုန်စည်အရဆုံးပဲ၊ ခရီးသွားတဲ့သူလည်းပေါတယ်၊ နောက်ပြီး ခရစ္စမတ်ကာလမတိုင်မီကတည်းက လိုအပ်တဲ့ကုန်တွေကို စုဝယ်ထားတော့ အခုအချိန်က ကိုယ့်ဒေသကိုယ်ပြန်တဲ့ ခရီးသွားတွေလောက်ပဲပေါတော့တာ၊ ကုန်ကတော့နည်းသွားတယ်"ဟု ကလေး - တီအို ချောင်းပြေးဆွဲနေသော ပန်းချယ်ရီယာဉ်လိုင်းက ပြောကြားသည်။

ချင်းတောင်တက် ယာဉ်လိုင်းများသည် မြေပြန့်ဒေသဖြစ်သော မန္တလေး၊ ကလေးဘက်မှလာသော ကုန်ပစ္စည်းများကို ချင်းတောင်ပေါ်ရှိ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ ကျီခါး၊ တွန်းဇံ၊ ရိဒ်ခေါ်ရ်ဒါနယ်စပ်များသို့ ကုန်သည်များက သယ်ယူရောင်းချကြပြီး အိန္ဒိယနိုင်ငံဘက်မှလာသော ကုန်ပစ္စည်းများကိုလည်း မြေပြန့်ဒေသ ဈေးကွက်သို့ သယ်ယူပို့ဆောင်မှုများပြားနေသောကြောင့် ချင်းတောင်တက်ယာဉ်လိုင်းများမှာ အလုပ်ဖြစ်လျက်ရှိသည်။ "ချင်းတောင်ပေါ်ကို တရုတ်ဘက်ကလာတဲ့ အထည်တွေ အဓိကပို့ရတယ်၊ မုဆယ်၊ လားရှိုးဘက်ကလာတဲ့ သစ်သီးတွေပါ ပို့ရတယ်၊ ချင်းတောင်ပေါ်ကနေ ကလေးဘက်ကိုကျတော့ မြေသြဇာတို့၊ ဆံပင်တို့၊ ချည်တို့ ပို့ရတယ်၊ ဒါပေမယ့် နိုဝင်ဘာလတုန်းကလောက်ကုန်မရဘူး။ နိုဝင်ဘာလတုန်းကဆိုရင် တစ်နေ့ကို ၄ ခေါက်လောက်ထွက်နိုင်တယ်။ ဒီဇင်ဘာလထဲကျတော့ ကုန်နည်းသွားတော့ တစ်နေ့ကို နှစ်စီးလောက်ပဲ ထွက်နိုင်တော့တယ်၊ ဒါတောင် ဟိုမွန်ဂျစ်ကားနဲ့ပဲ။ ခြောက်ဘီးကားတွေဆိုရင် တစ်ပတ်ကို တစ်ခေါက်လောက်ပဲပြေးနိုင်တယ်"ဟု ချင်းတောင်တန်းယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒီဇင်ဘာ ခရစ္စမတ်ကာလရောက်လျှင် ကလေးတို့၊ ချင်းတောင်ပေါ်တို့ ခရီးအသွားအလာပဲ ရှိပါတယ်၊ အောက်ဘက်ကို ပြန်ဆင်းတာက မရှိသလောက်ပါပဲ၊ ခရစ္စမတ်ပြီး၊ New Years အပြီးဆိုရင်တော့ ခရီးသည်တွေက ကားတွေမလောက်ငလောက်အောင်ပင် ခရီးသည်တွေပြန်ပြီးပေါလာပါတယ်"ဟု ရှမ်းတောင်တန်းကားဆရာများထံမှ သိရသည်။ ရှမ်းတောင်တန်းယာဉ်လိုင်းသည် အဆင့်မြင့်မြင့်ခရီးသွားနိုင်ရေးအတွက် ဝန်ဆောင်မှုပေးနေပြီး ကားတစ်စီးလျှင် ခြောက်ဦးစီး PARJERO ကားများဖြင့် မန္တလေး၊ ရန်ကုန်မြို့ကြီးများသို့ ပို့ဆောင်ပေးနေကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

ရမည်းသင်း မြို့မအထက၌ အမျိုးသမီးကင်းထောက်သင်တန်းဖွင့်

ရမည်းသင်း ဒီဇင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းစုဝေးခန်းမ၌ အမျိုးသမီးကင်းထောက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပရာ ရမည်းသင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ပညာရေးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးလှဆောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သက်ကြီး ကင်းထောက်ဟောင်း ဦးအောင်စိုးက ကင်းထောက်သမိုင်းကြောင်းနှင့်ဆက်စပ်သည့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ကင်းထောက်သင်တန်းသူများအတွက် အလှူငွေပေးအပ်ရာ ကင်းထောက်အဖွဲ့တာဝန်ခံ ဒေါ်ချောစုစုသိန်းက လက်ခံခဲ့ကြောင်း သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

ဘုတ်ပြင်းမြို့နယ် ရွာသစ်ကျေးရွာ
မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

ဘုတ်ပြင်း ဒီဇင်ဘာ ၂၆

ဘုတ်ပြင်းမြို့နယ် ရေငံကြီးကျေးရွာအုပ်စု ရွာသစ်ကျေးရွာမီးဘေးသင့် အိမ်ထောင်စုများသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရွာသစ်ကျေးရွာ ဘုန်းကြီးကျောင်းရှေ့ကွင်းပြင်တွင် ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက မီးဘေးသင့်မိသားစုများအား နှစ်သိမ့်အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်များနှင့် စေတနာရှင် ရပ်မိရပ်ဖများမှ ဝိုင်းဝန်းထောက်ပံ့လှူဒါန်းပေးပို့ကြသည့် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်၊ အိမ်သုံး၊ မီးဖိုချောင်သုံးပစ္စည်းနှင့် ဆေးဝါးပစ္စည်းများစသည့် ထောက်ပံ့ရေးပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီး၊ ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများက မီးဘေးသင့်အိမ်ထောင်စု ၂၉ စုသို့ ထောက်ပံ့ပေးအပ်ကြသည်။ ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် လုပ်ငန်းရှင်များက အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ်တစ်သောင်းစီကိုလည်းကောင်း၊ ရေငံကြီးကျေးရွာ လူမှုရေးအသင်းအဖွဲ့များမှ မီးဖိုချောင်သုံးပစ္စည်း ၂၉ စုံကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ဘုတ်ပြင်း မြန်/ဆက်)



ဆိုင်ခန်းငှားမည်
သိမ်ကြီးဈေး(ဒီ)ရုံ၊ မြေညီထပ်
ရုံသစ်ကြီး၊ ဆိုင်အမှတ်(၃၇၁)
E-တန်း(နေရာကောင်း)
ဖုန်း-၀၁-၃၇၄၉၃၅၊ ၀၉-၄၉၂၃၈၁၆၃

ဝန်ထမ်းအလိုရှိသည်
Fun Holiday Travels & Tours
အမှတ်(၄၄)၊ မြေညီ၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်
ဖုန်း-၀၁-၂၂၆၉၉၆၊ ၂၃၀၁၂၇၂၊ ၂၃၀၁၂၇၃

1. Operation staff (Inbound & Outbound Tour) - မ (၅)ဦး
2. Ticketing (International & Domestic) - မ(၅)ဦး
3.Marketing - မ(၅)ဦး
4.ယာဉ်မောင်း - ကျား(၃)ဦး

အမှတ်စဉ်-၁၊ ၂၊ ၃ အတွက် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ Computer & English ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ လုပ်သက်(၂)နှစ်နှင့် လုပ်ငန်းအတွေ့အကြုံရှိပြီး အသက် ၂၅-၃၀ အတွင်း ဖြစ်ရမည်။ အရည်အချင်းပေါ်မူတည်ပြီး လစာကောင်းမည်။ အမှတ်စဉ် ၃အတွက် ရုပ်ရည်အသင့်အတင့်ရှိရမည်။

အမှတ်စဉ်- ၄ အတွက် အခြေခံပညာအထက်တန်းအောင်၊ ပြစ်မှုကင်းရှင်းသူ၊ အသက် ၂၅-၄၀ အတွင်းဖြစ်ရမည်။ ယာဉ်မောင်းသက်တမ်းအနည်းဆုံး (၃)နှစ်ရှိရမည်။ အလုပ်ချိန်အတွင်း အရက်၊ ဆေးလိပ်၊ ကွမ်းမသုံးစွဲရ။

လျှောက်ထားလိုသူများသည် မိမိတို့၏ CV-Form ပညာအရည်အချင်းဘွဲ့ လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ၆ လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ မျှော်မှန်းလစာနှင့်အတူ ကြေညာပါသည့်ရက်မှ (၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

သုံးလပြည့်ကုသိုလ်ပြုအမျှပေးဝေခြင်း

ဒေါ်ခင်မာမာကြွယ်

အသက်(၅၉)နှစ်

ဌာနစုမှူး၊ သမဝါယမတက္ကသိုလ်(သန်လျင်)

၂၀-၉-၂၀၁၃ ရက် (စနေနေ့) ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သည့် ဒေါ်ခင်မာမာကြွယ်အား ရည်စူး၍ ၂၀-၁၂-၂၀၁၃ ရက် (စနေနေ့) သုံးလပြည့်တွင် သံဃာတော်အရှင်သူမြတ်(၅)ပါးကို နေအိမ်သို့ပင့်ဖိတ်၍ လှူဒါန်းမှု ကုသိုလ်ပြုခဲ့ပါသည်။ ကွယ်လွန်သူဒေါ်ခင်မာမာကြွယ်နှင့်တကွ (၃၁)ဘုံတွင်ရှိကြကုန်သော ပုဂ္ဂိုလ်အပေါင်း၊ သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့လှူဒါန်းသော ကောင်းမှုအစုစု၏ ကုသိုလ်အဖို့ကို ကျွန်ုပ်တို့နှင့်ထပ်တူထပ်မျှ ရကြပါစေ။ “အမျှ အမျှ အမျှ ယူတော်မူကြပါ”

ကျန်ရစ်သူမိသားစု

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား (၂)လက်မ အဝီစိတွင်း(၁)တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည် - ဦးဝင်းမြင့်

နေရပ်လိပ်စာ-အမှတ်(၁၂၃)၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်

တူးဖော်မည့်နေရာ-အမှတ်(၁၂၃)၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အနောက်၊ မြေကွက်အမှတ်(၇၄၈/က)၊ မြေကွက်တည်နေရာအမှတ်(၇၄၈/က)၊ ဝေဇယန္တာ(၁၈)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးချစ်လှိုင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်လှိုင်(ဖခင်)နှင့် ဒေါ်ပြုံး(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးဝင်းမြင့်[၁၂/အစန(နိုင်)၀၁၅၇၆၈]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြရန် ၁။အပေးစာချုပ်ရန် ၂။အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၄၊ မြေကွက်အမှတ်-၁၆၇၊ မြေကွက်တည်နေရာအမှတ်-၁၆၇၊ (၁၂၄)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးမြင့်သန်း(၂) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်သန်း(၂)ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးမြင့်[၁၂/လကန(နိုင်)၀၀၃၃၆၇]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) (လေ-၁၀၆၄)

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

အသက်(၈၆)နှစ်

